http://www.dhammadownload.com




# ဘုရားဟောဒနှင့် အလုပ်စဉ်

( ၂၆–၆–၆၂ )

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
သစ္စာ(၄)ပါး တရားတော် အမှတ်စဉ် (၁၂) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com

# "ဘုရားဝါဒနှင့် အလုပ်စဥ်"

## (၂၆-၆-၆၂)

ဒကာဒကာမတွေ ဘုရားသခင် ကိုယ်တော်မြတ်ကြီး အမြင်နဲ့ ပြောတာ "ကြောက်စရာ အကောင်းဆုံး ဘယ်သူတုံး" လို့ မေးတဲ့အခါကျတော့မှ မနေ့ကလဲ ပြောခဲ့တယ် မောင်နိုင်တို့ကို "သစ္စာမသိတာ ကြောက်စရာအကောင်းဆုံး" (မှန်ပါ့)။

ဘာကြောက်စရာ အကောင်းဆုံးလဲ.... (သစ္စာမသိတာ ကြောက်စရာအကောင်းဆုံးပါ) သစ္စာမသိတာ ကြောက်စရာ အကောင်းဆုံးလို့ သေသေချာချာ မှတ်ထားကြပါ-(မှန်ပါ့)။

ဘာဖြစ်လို့လဲဆိုတော့ သစ္စာမသိတော့ ဦးဘရှင်း မေးလိုက်ရင်ပဲ ရှင်းပါတယ်၊ အခု ဒီဘဝက နောက် လူပြန်ဖြစ်ချင်တဲ့ လူတစ်ယောက်ပဲ အကဲခတ်တာပေါ့.... (မှန်ပါ့)။

http://www.dhammadownload.com



လူပြန်ဖြစ်ချင်တဲ့ လူတစ်ယောက် အကဲခတ်တော့ လူပြန်ဖြစ်တယ်ဆိုတော့ မောင်နိုင်-လူ၏ အစ ဇာတိက လာမှာ.... (မှန်ပါ့ဘုရား)။

လူ၏အစ (ဇာတိကပါ ဘုရား) ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဪ....ဒါဖြင့် လူပြန်ဖြစ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ သစ္စာသိလို့လား.... မသိလို့လား.... (မသိလို့ပါဘုရား) မသိလို့ ဆိုတဲ့ သဘော မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် လူပြန်ဖြစ်ချင်တော့ ပဋိသန္ဓေ နေချင်သေးလို့ဆိုရင် ဦးဘရှင်း....လွဲသလား....(မလွဲပါ) အိုချင်သေးလို့ဆိုရင် (မလွဲပါ) သေချင်သေးလို့ဆိုရင်.... (မလွဲပါ) အပါယ်ရောက်ချင်သေးလို့ဆိုရင် (မလွဲပါဘုရား)။

ဒါ ဘာကြောင့်ပါလိမ့် မောင်နိုင်.... အကဲခတ်စမ်း(သစ္စာမသိသေးလို့ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သူ အစိုးရိမ်ဆုံး သူ့အကြောင့်ကြဆုံးဟာ သစ္စာမသိမှုကို အစိုးရိမ်ဆုံးပဲ.... (မှန်ပါ့)။

သစ္စာမသိရင် သံသရာရှည်တယ်၊ သဘောကျပလား.... (ကျပါပြီ) သစ္စာသိတော့ သံသရာဆုံးတယ်.... (မှန်ပါ့)။ ကိုဝ....သစ္စာမသိတော့ (သံသရာရှည်ပါတယ်ဘုရား)။

ကိုယ့်အတွက် သစ္စာမသိသေးလို့ ဉာဏ်နဲ့သစ္စာကို ကောင်း
ကောင်းမွန်မွန် မရှင်းသေးလို့ ခက်သေးတယ်လို့မျိုး ညည်း
ဘူးကြရဲ့လား (မညည်းဘူးပါဘုရား)မောင်နိုင် သိပ်လွဲနေပြီ-
(မှန်ပါ့)မလွဲဘူးလား....(လွဲပါတယ်ဘုရား)။

အဲဒီတော့ကာတဲ့ သစ္စာမသိရင် မင်းတို့သည်ကားလို့
ဆိုလို့ရှိရင်ဖြင့် ဟိုပဋိသန္ဓေကိုလဲ ဒုက္ခသစ္စာလဲ သူယူဖြစ်မှာပဲ
(မှန်ပါ့)ဒီပဋိသန္ဓေကိုလဲ ဒုက္ခသစ္စာမှန်းမသိလို့ ယူဖြစ်မှာပဲ....
(မှန်ပါ့)မယူဖြစ်ပေဘူးလား.... (ယူဖြစ်ပါတယ်ဘုရား)။

အဲဒီပဋိသန္ဓေ ယူမိလို့ရှိရင်ဖြင့် အိုဘေး၊ နာဘေး၊ သေ
ဘေး၊ စိုးရိမ်သောက ဗျာပါဒဘေး၊ အပါယ်ဘေးတွေ
လွတ်ပါ့မလား....(မလွတ်ပါဘုရား)။

ဘယ့်နှယ်ကြောင့် မလွတ်ပါလိမ့် .... (သစ္စာမသိလို့ပါ
ဘုရား)၊ သစ္စာမသိလို့ဆိုတာ သဘောပါကြပလား.... (ပါပါ
ပြီဘုရား)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တောင်ကြီး
တစ်ခုပေါ် တက်သွားတယ်၊ ရဟန်းတစ်ပါးခေါ်သွားတယ်၊
ရဟန်းတစ်ပါးခေါ်ပြီး တောင်ကြီးပေါ် တက်သွားတဲ့အခါ
ကျတော့ တောင်ထိပ်ရောက်ကြတယ်၊ တောင်ထိပ်ရောက်ပြီး
အောက်လှည့်ကြည့်လိုက်တော့ တောင်က တခြမ်းက ပြိုနေ
တယ်၊ အရှင်ဘုရား ဒီချောက်ကြီးသိပ်ကြောက်စရာ ကောင်း
ပါကလားလို့ ရဟန်းက ဘုရားကိုလျှောက်တယ်....(မှန်ပါ့)။

http://www.dhammadownload.com

# ( ၇ )

ဟာ–ရဟန်း…. ရဟန်း…. မင်းအမြင်မလွဲပါနဲ့ကွာ၊ ဒီတောင်ပေါ်က မင်းခြေချော်လက်ချော် ကျသွားလို့ရှိရင် တစ်ခါသေပါကွာ…. မကြောက်ပါနဲ့ သစ္စာမသိလို့သေရမည့် အသေမျိုးသာ ကြောက်စမ်းပါ….(မှန်ပါ့) အကြိမ်အရေအတွက် မရှိဘူးတဲ့၊ သဘောပါကြပလား….(ပါပါပြီဘုရား)။

ဘာမသိလို့ သေတဲ့အသေမျိုးလဲ…. (သစ္စာမသိလို့ သေတဲ့အသေပါ)။

သစ္စာမသိလို့ သေတဲ့အသေမျိုးသာ မင်းကြောက်စမ်းပါဆိုတာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကိုယ်တိုင် သစ္စသံယုတ်မှာ ဟောတယ်လို့ ကိုပေါ်၊ ကိုဝတို့ မှတ်လိုက် …. (မှန်ပါ့ဘုရား)။

ကဲ…. ဒါဖြင့် ကြောက်စရာကောင်းလိုက်တာဆိုတဲ့ ဥစ္စာချောက်ကြီးမြင်လို့ ကျရင်အရိုးတခြား အသားတခြား သွားမှာမြင်လို့ သူကြောက်တာပဲတဲ့၊ ကြောက်ပင်ကြောက်ငြားသော်လဲ ဒါမကြောက်ပါနဲ့၊ တစ်ခါသေပါကွတဲ့၊ မောင်နိုင် …. မဟောဘူးလား….(ဟောပါတယ်ဘုရား)။

သစ္စာမသိမည့်အသေကဖြင့်…. (ကြောက်စရာ ကောင်းပါတယ်) မရေတွက်နိုင်ဘူး….(မှန်ပါ့)။

အဲဒါကြောင့် ဒီဘဝကို အားလုံး ဒကာ ဒကာမတွေ အကြောင်းညီညွတ်ပြီးတော့ ကြုံကြဆုံကြပြီးသကာလ ဘုန်းကြီးကလဲ စေတနာကောင်း၊ ခင်ဗျားတို့ကလဲ ကိုယ့်ဓာတ်ကိုယ်သိမ်းအောင် သစ္စာသိအောင်လုပ်မှ…. (မှန်ပါ့)၊ သဘောကျပလား….(ကျပါပြီဘုရား)။

http://www.dhammadownload.com

(၈)

ခင်ဗျားတို့ကလဲ ကိုယ့်ဇာတ် ကိုယ်သိမ်းအောင် (လုပ်ရမှာပါဘုရား)။

သစ္စာသိအောင်လုပ်ရမယ်၊ ကိုယ့်ဇာတ်ဆိုတာက ဘာတုံးဆိုတော့ ယခုရထားတဲ့ ဒုက္ခသစ္စာ (မှန်ပါ့) နောင်လာမှာတွေကကော....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီဇာတ်ကိုဖြင့် ဒကာဒကာမတွေ အသိတစ်လုံး ပိုင်ရင်သိမ်းတာပါပဲ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

ဘာပိုင်ရင်တုံး .... (အသိတစ်လုံးပိုင်ရင် သိမ်းပါတယ်ဘုရား)။

အသိတစ်လုံးပိုင်ရင် သိမ်းတာပါပဲဆိုတာ ဒကာဒကာမတို့ ကျေကျေနပ်နပ် သဘောကျပလား....(ကျပါပြီ)။

အိမ်မှာမျှား မောင်နိုင်ရေ သားကလေးအတွက် မလိမ္မာလို့ စိုးရိမ်တယ်၊ သမီးအတွက် မလိမ္မာလို့ စိုးရိမ်တယ်ဆိုရင်.... ငါမှားပြီဟေ့၊ ကိုယ့်ဟာကိုယ် ဆုံးမကြပါ.... (မှန်ပါ့)။

ငါမှားပြီ၊ ငါမှားပြီဆိုတဲ့ ဥစ္စာ လူကြီးဆိုတော့ကို ကိုဝသူပြောချင်တာ ပြောတာနော်....(မှန်ပါ့)။

ဘယ်သူက မလိမ္မာသေးဘူး၊ ဘယ်သူက ငယ်သေးတယ်လို့ဆိုပြီးသကာလ ခင်ဗျားတို့ စိုးရိမ်နေကြလို့ ရှိရင်ဖြင့် အဲဒါအလွဲစိုးရိမ်တာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ကိုယ့်ကိုယ်ကိုယ်စိုးရိမ်ပါ၊ငါသစ္စာမသိသေးလို့ နိဗ္ဗာန်မျက်မှောက် မပြုနိုင်သေးဘူး၊ ငါ့မှာ ဒုက္ခတွေ ပင်လယ်ဝေအောင်ကျန်သေးတယ်၊ ငါ့အတွက် စိုးရိမ်တယ်ဆိုပြီး ချက် ချင်းပြောင်းပါ....(မှန်ပါ့)။

http://www.dhammadownload.com

( ၉ )

ဘယ်ဘက် လှည့်သတုံး (ကိုယ့်ဘက်လှည့်ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျတော့ ဘုန်းကြီးတို့ ပြောနေတာပဲ၊ စိုးရိမ်တဲ့ ပုဂ္ဂိုလ်က သောကာနီး၊ အစိုးရိမ်ခံရတဲ့ ပုဂ္ဂိုလ်က သောကာဝေးလို့ ပြောတယ်....(မှန်ပါ့) မပြောထိုက်ဘူးလား....(ပြောထိုက်ပါတယ်ဘုရား)။

ကိုဝ-ကြီးတဲ့ပုဂ္ဂိုလ်က သောကာနီးနော် (မှန်ပါ့)ခင်ဗျားတို့ စိုးရိမ်တဲ့ ကလေးတွေက.... (သောကာဝေးပါဘုရား)။

ဒါဖြင့် သောကာနီး သောကာဝေး စိုးရိမ်တာသည် ဘယ်သူ ပိုမိုက်သတုံး....(သောကာနီးက ပိုမိုက်ပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ ဒီအတိုင်းပြောတော့ မခံချင်ဘူး၊ မင်းက သောကာနီးမှ မိုက်တာလားလို့ ဆိုလို့ရှိရင် မခံချင်ပေဘူး.... (မှန်ပါ့)။

သေသေချာချာ စဉ်းစားကြည့်လိုက်တဲ့ အခါကျတော့ ကိုယ်က သစ္စာမသိသေး၊ ဟိုပုဂ္ဂိုလ်တွေက အသာထားပါဦး၊ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး၊ ပညာရေးမပြည့်စုံသေးလို့ ပူမယ်၊ ဆွေးမယ် ကြံလို့ရှိရင် ဘုန်းကြီးပြောတဲ့ဆီကို လှည့်လိုက်ပါ....(မှန်ပါ့)။

မင်း သစ္စာသိအောင်လုပ်နေ၊ မင်းသစ္စာသိမှ မင်းအရေးပြီးမှာ၊ ဟိုဟာတွေ အတွက်ကို မင်းစိုးရိမ်မနေနဲ့၊ မင်းအတွက် မင်းစိုးရိမ်ပြီးသကာလ မင်းသစ္စာသိအောင်လုပ်ပါလို့ ကိုယ့်ကိုယ်ကို ပြင်လိုက်စမ်းပါ....(မှန်ပါ့)။

http://www.dhammadownload.com

# (၁၀)

ဒါ သားသမီးနဲ့ ရန်တိုက်တာ မဟုတ်ပါဘူး၊ အမှန်ပြော နေတာ....(မှန်ပါ)။

သားနဲ့သမီး ရန်တိုက်တာလား ကိုဝ အမှန်ပြောတာလား (အမှန်ပြောတာပါဘုရား)။

ဘာ့ကြောင့် ပြောရပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ မှ ဦးဘရှင်းရေ–သေကာနီးက သေခါဝေးအတွက် စိုးရိမ် တယ်....(မှန်ပါ)။

ဘာစိုးရိမ်တာပါလိမ့် (သေကာနီးက သေခါဝေးအတွက် စိုးရိမ်ပါတယ်ဘုရား)။

အင်း....သေကာနီးက သေခါဝေးအတွက် စိုးရိမ်တယ်ဆို တော့ စည်းကမ်းကျ-မကျ....(မကျပါဘုရား)။

သေကာနီးက ကိုယ့်အသေလွတ်ဖို့ကိုသာ ဂရုစိုက်ရမယ်.... (မှန်ပါ) ဟိုသေကာဝေးက ဝေးသေးတာပဲ၊ သူ့ ဂရုစိုက်စရာ လိုရဲ့လား....(မလိုပါဘုရား)။

မလိုဘူးဆိုတော့ အဲ–သစ္စာဉာဏ်နဲ့ပြောလိုက်တော့ ခင်ဗျား တို့ ပြောနေတာအွှေဟာ ကိုပေါ် အပိုချည့်ပဲ(မှန်ပါဘုရား)။

မောင်နိုင် ပိုသလား မပိုဘူးလား(ပိုပါတယ်ဘုရား)နောက် က ဒကာဒကာမတွေ သဘောကျရဲ့လား.... (ကျပါတယ် ဘုရား)။

ပူမယ်၊ ဆွေးမယ်၊ စိုးရိမ်မယ်၊ ကြောင့်ကြမယ်၊ ကြံတိုင်း၊ ကြံတိုင်း ဟ...မင်းက ဘယ်သူ့အတွက် ပူတာတုံးမေးတာ ပေါ့ မောင်နိုင်ရေ....(မှန်ပါ) ကိုယ့်ကိုယ်ကို မေးပါနော်....။

http://www.dhammadownload.com

# (၁၁)

ကိုယ့်ကိုယ်ကို မေးတော့ အဖြေ ဘယ်လိုထွက်လာသတုံး....။ သေကာနီးက သေကာဝေးအတွက်ကို ဒါလောက် ကြောင့်ကြနေဖို့ မလိုဘူး....(မှန်ပါ့) သေကာနီးသည်ကားလို့ ဆိုရင် နေ့ခင်း မသေရဘဲ နည်းကိုသာလျှင် ငါ သစ္စာသိဖို့ အရေးကို သာလျှင် အလိုကြီး လိုတော့တယ်ဆိုတာ သေသေချာချာမှတ်ပါ...(မှန်ပါ့ဘုရား)။

သူ့မသိသေးရင် ခင်ဗျားတို့ ကုသိုလ်ပြုရာမှာလဲ အလွဲပဲ၊ သူ့မသိသေးရင်....(မှန်ပါ့)။

ကုသိုလ်ပြုတာလဲ.... (အလွဲပါဘုရား) အကုသိုလ်ဆိုတာတွေ လွဲတယ်လို့ ဆိုစရာမလိုပါဘူး ပင်ကို လွဲနေလို့နော်.... (မှန်ပါ့ဘုရား)။

ကုသိုလ်ပြုတာတောင်မှ ဘယ့်နှယ်တဲ့.... (အလွဲပါဘုရား)။

ဘယ့်နှယ် ကိုဝ....ရာ ဘုံဘဝလိုချင်တော့ ဒုက္ခသစ္စာ ဆုတောင်းမယူဘူးလား....(ယူပါတယ်ဘုရား)။

ကုသိုလ်လဲပြုတာပဲ၊ ကုသိုလ်မပြုဘဲနဲ့ သူ တောင်းတာလား....ကုသိုလ်ပြုပြီးမှ တောင်းတာလား.... (ကုသိုလ်ပြုပြီးမှ တောင်းတာပါဘုရား)။

ဒါဖြင့် ဒီကုသိုလ်ကို ဒကာဒကာမတွေက ဒုက္ခရောက်မည့် ကုသိုလ်ကို အကောင်းကုသိုလ် ဆိုကြမလား.... အဆိုးကုသိုလ် ဆိုကြမလား....(အဆိုးကုသိုလ်ပါဘုရား)။

အဲဒါ ပြင်မိအောင် ပြင်စမ်းပါဆိုတာကို အတင်းပြောတာပဲ....(မှန်ပါ့) မပြင်မိမှာကို ကိုဝ စိုးရိမ်ထိုက်....မစိုးရိမ်ထိုက် (စိုးရိမ်ထိုက်ပါတယ်ဘုရား)။

http://www.dhammadownload.com

# ( ၁၂ )

အင်မတန် စိုးရိမ်ထိုက်တယ်.... ငွေကုန်ပြီး နောက်ဘဝ လူပန်းမှာ....(မှန်ပါ့)။

ငွေကုန်ပြီးတော့....(လူပန်းမှာပါဘုရား) လူပန်းမှာဆိုလို့ ရှိရင်ဖြင့်တဲ့....နောက်ဘဝ အသေကကော လွတ်ပါ့မလား.... (မလွတ်ပါဘုရား)။

ဒါဖြင့် သူငွေထိုးပြီးတော့ စက်ရှင်အမှု အထမြောက် အောင်လုပ်စမ်းပါဆိုတဲ့ ပုဂ္ဂိုလ်နဲ့ တူ မတူ.... (တူပါတယ် ဘုရား)။

သူက စက်ရှင်မှု ဖြစ်နေတယ်၊ငွေလဲ သူထိုးတယ်၊ကျုပ်ကိုလဲ သတ်ဖြစ်အောင် သတ်ပါဆိုတာနဲ့ ဘယ့်နှယ်နေသတုံး.... (တူတူပါပဲဘုရား)။

ဒါဖြင့်....အလှူပေးတာက ငွေထိုးတာ....(မှန်ပါ့) ဟိုဘဝ သေရတာက စက်ရှင်မှုကို ကိုယ်ကိုယ်တိုင်ကျချင်လို့ တောင်း ပန်တာနဲ့ မတူဘူးလား....(တူပါတယ်ဘုရား)။

အဲဒါကြောင့် ဒီအရေးဟာ စကားကြီးကြီး ပြောတာလား အလုပ်က ဒီအတိုင်း ဖြစ်နေသလား....အကဲခတ် ... (အလုပ်က ဒီအတိုင်း ဖြစ်နေပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီအရေးဟာ သစ္စာမသိလို့ ဖြစ် ပေါ်တဲ့အရေး....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

ဘာမသိလို့တုံး.... (သစ္စာမသိလို့ ဖြစ်ပေါ်တဲ့ အရေးပါ ဘုရား)။

http://www.dhammadownload.com

# ( ၁၃ )

သစ္စာမသိလို့ ဖြစ်ပေါ်တဲ့ အရေးဆိုတဲ့ဥစ္စာ ဦးဘရှင်း.... ကျေနပ်ပလား....(ကျေနပ်ပါပြီ) ဒကာကြီးလှိုင် ပေါ်ပလား ဗျာ.... (ပေါ်ပါပြီဘုရား)။

ဒီအရေးဟာ ဘာအရေးပါလိမ့် (သစ္စာမသိလို့ ဖြစ်ပေါ်တဲ့ အရေးပါဘုရား)။

သစ္စာမသိတော့ စက်ရှင်မှု လွှတ်ဖို့ရာတောင်မှ စက်ရှင်မှု ငွေထိုးပြီးသကာလ ကိုယ့်ကိုယ် သတ်ပေးပါလို့ ခိုင်းတာနဲ့.... ကိုဝ....တူ မတူ.... (တူပါတယ်ဘုရား)။

နောက်ဘဝ နတ်ဖြစ်ရပါလို၏၊ ဒီသား၊ ဒီသမီးနဲ့ မခွဲရ ပါလို၏....ဆိုလို့ရှိရင် နောက်ဘဝလဲ သေခြင်းဆိုး သေရပါ လို၏၊ ပါ-မပါ.... (ပါ ပါတယ်ဘုရား) ပါတယ်ဆိုတာ ကျေနပ်ပလား— (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဒါ ဘာမသိလို့ သူ ဒီအဓိပ္ပာယ်တွေချည့် သဘော ကျနေပါလိမ့်မတုံးလို့ အကဲခတ်ကြည့်စမ်း.... (သစ္စာမသိလို့ ပါဘုရား)။

ကဲ ... ဒါဖြင့် ကိုပေါ်တို့၊ ကိုဝတို့ အရေးအကြီးဆုံးစကား ပေါ်ပြီ (ပေါ်ပါပြီဘုရား)မပေါ်သေးဘူးလား.... (ပေါ်ပါ ပြီ ဘုရား)။

ဒကာကြီးလှိုင်....ပေါ်ပလား....(ပေါ်ပါပြီဘုရား) တရား နာနေကြတယ် ဆိုငြားသော်လဲ ဘယ်ဟာ အရေးကြီးပါလိမ့် မတုံးဆိုတာလဲ ကိုယ့်ဟာကိုယ်လဲ သိကြပါ....(မှန်ပါ့)။

http://www.dhammadownload.com



သစ္စာသိဖို့ကိုပဲ ဆရာဘုန်းကြီးက အရေးတကြီး ဟောနေတယ်.... (မှန်ပါ) သစ္စာသိသည်နဲ့ တစ်ပြိုင်နက်တည်းလဲ နိဗ္ဗာန်ရောက်တာပဲ.... (မှန်ပါ)။

သစ္စာမသိသေးတဲ့ အလုပ်ဟူသမျှကိုလဲ ခင်ဗျားတို့ကပဲ ဆုံးဖြတ်ချက်ချပါတော့၊ နိဗ္ဗာန်ရောက်ပါ့မလား (မရောက်ပါ) မရောက်နိုင်ဘူးဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာကြီးလှိုင်ရေ.... ဒီနေ့ အရေးကြီးကြီးပြောတာကော သိပလား.... (သိပါပြီ) ဘာသိရမလဲ.... (သစ္စာသိရမယ် ပြောတာပါ) သစ္စာသိရမယ်ဆိုတဲ့ ဥစ္စာ။

ကိုင်း.... ဒါဖြင့် သစ္စာသိရမယ်ဆိုတော့ သစ္စာရှိတာကို အရင်ပြောရလိမ့်မယ်.... (မှန်ပါ)။

ဒကာဒကာမတို့ သစ္စာသိအောင်ဆိုတော့ သစ္စာရှိတာကို အရင်ပြောမှ အသိက နောက်ကလိုက်ရမယ်.... (မှန်ပါ)။

ဒါဖြင့် အရှိပြောမှသာလျှင် အသိနောက်က လိုက်မှာဖြစ်လေသောကြောင့် ဒကာဒကာမတို့ ယခု ခန္ဓာကြီးဟာဖြင့်.... (ဒုက္ခသစ္စာပါဘုရား)။

ယခု ခန္ဓာကြီးဟာဖြင့် ဒုက္ခသစ္စာပဲ၊ ဒါဖြင့် လုံးပြောလိုက်တော့ မောင်နိုင် ရှင်းမသွားဘူးလား.... (ရှင်းသွားပါတယ်ဘုရား)။

အဲဒီတော့ ယခုခန္ဓာကြီးဟာ ဒုက္ခသစ္စာဆိုတော့ ခန္ဓာထဲက ဘာပဲပေါ်လာ ပေါ်လာ မောင်နိုင်က ဘယ်လိုဆုံးဖြတ်ချက် ချမလဲ.... (ဒုက္ခသစ္စာပါဘုရား)။

http://www.dhammadownload.com



ဝေဒနာပေါ်တာလဲ....(ဒုက္ခသစ္စာပါ)။ စိတ်ပေါ်တာလဲ.... (ဒုက္ခသစ္စာပါ) ပူတဲ့ အေးတဲ့ ရုပ်တွေ ပေါ်တာလဲ.... (ဒုက္ခသစ္စာပါဘုရား)။

ဘာဖြစ်လို့တုံး မေးတော့ ပင်ကိုက ဒုက္ခသစ္စာမို့ ပေါ်ပေါက်တာလဲ ဒုက္ခသစ္စာပဲ ပေါ်ပေါက်ရတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ပင်ကိုက.... ဒုက္ခသစ္စာမို့ သူ့ထဲ ထူးထူးခြားခြား ပေါ်လာရင်.... (ဒုက္ခသစ္စာပါပဲဘုရား)။

အဲဒါကို ခင်ဗျားတို့က ပထမ အပေါင်းသိထားတော့.... အပေါင်းသိထားလိုက်တာက ဒကာ ဒကာမတို့ "သစ္စဉာဏ်" ခေါ်ပါတယ်.... (မှန်ပါ့)။

နောက်စိတ်ကလေးတွေ ပေါ်လာတော့ ဥပမာ ဝေဒနာ ဝိပဿနာ ရှုမည့်ပုဂ္ဂိုလ်ဆိုရင် ဝေဒနာတွေပေါ်လို့....စိတ္တ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်ဆိုရင် စိတ်တွေပေါ်တဲ့အခါ ဉာဏ်ထဲမှာ မဖမ်းမိပေဘူးလား.... (ဖမ်းမိပါတယ်ဘုရား)။

ဖမ်းမိတာက ဩော်....ဒီဥစ္စာသည် သစ္စာကို ရှိုးရှိုးအပေါင်းသိ မဟုတ်ဘဲနဲ့ ခန္ဓာကိုယ်ထဲမှာ စိတ်ပါ သိရတဲ့အတွက်တဲ့.... ဒီဥစ္စာက ဩော်... သူတို့ နှိပ်စက်နေတာကိုးလို့ သိရတယ်.... (မှန်ပါ့ဘုရား)။

ဒါ ကိစ္စဉာဏ်ကျအောင်တက်သွားတယ်-(မှန်ပါ့)အပေါင်းသိတာက "သစ္စဉာဏ်"၊ ဒီထဲ ပေါ်တဲ့စိတ်ကလေးတွေ သိတာက- (ကိစ္စဉာဏ်ပါဘုရား)။

http://www.dhammadownload.com



ဒါ သေသေချာချာမှတ်ပါ၊ ဒါ သေသေချာချာ မှတ်ပါ ဦးဘရှင်း။

အပေါင်းကြီးဟာ ဘာတဲ့.... (သစ္စာဉာဏ်ပါဘုရား) ဒုက္ခသစ္စာလို့ မသိဘူးလား.... (သိပါတယ်ဘုရား)။

အပေါင်းကြီးက.... (ဒုက္ခသစ္စာလို့ သိပါတယ်ဘုရား)။

ခန္ဓာငါးပါး အပေါင်းကြီး သိတာက.... (သစ္စာဉာဏ်ပါဘုရား) သစ္စာဉာဏ်။

နောက်က ဒကာ ဒကာမတွေ ပေါ့ပေါ့ဆဆ အေးစက်စက် မနေပါနဲ့နော်....မှတ်မှတ်သားသားနဲ့ ဒါချက်ချင်း ကိစ္စပြီးမည့်တရား ဖြစ်နေလို့ လေးလေးစားစား ပြောနေတယ်.... (မှန်ပါ့ဘုရား)။

ခန္ဓာငါးပါးကြီးဟာ အပေါင်းသိတာက ဘာတဲ့တုံး.... (သစ္စာဉာဏ်ပါ ဘုရား)။

ဒီထဲကနေ ဝေဒနာကလေးတွေ ထိုးကျင်ပြီး သကာလ ထွက်လာတယ်၊ သုခ၊ ဒုက္ခ၊ ဒေါမနဿတွေ ကိုဝ မလာဘူးလား.... (လာပါတယ်ဘုရား)စိတ်ကလေးတွေကလဲ ဘုန်းကြီးပြောထားတဲ့ ဆယ့်နှစ်မျိုးတို့၊ ဆယ့်လေးမျိုးတို့ မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒါကလေးတွေလာတိုင်း.... လာတိုင်း.... ဉာဏ်နဲ့ တည့်မိတာက သစ္စာသိတဲ့ကိစ္စကြီး....( မှန်ပါ့) အရင်က အပေါင်းသိတဲ့ သစ္စာဉာဏ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ ဘုရား)။

http://www.dhammadownload.com



ဒီလို ပေါ်တိုင်း၊ ပေါ်တိုင်း ဖြစ်ပျက်မှုကို သိတာက ဘာတဲ့....(ကိစ္စဉာဏ်ပါဘုရား)။

ဒါဖြင့် သစ္စဉာဏ်၊ ကိစ္စဉာဏ်။ သဘောကျပလား....(ကျပါပြီဘုရား)။

တစ်ခါ သစ္စဉာဏ်နဲ့ ကိစ္စဉာဏ်ပြီးရင် တစ်ခါတည်းမှတ်ကြ ဒကာ ဒကာမတို့ ကတဉာဏ် ဆိုလို့ရှိရင် သောတာပန်တည်တာပဲ....(မှန်ပါ့)။

ဒီနေ့ ဉာဏ်သုံးမျိုးနဲ့ တစ်မျိုးဟောတယ်လို့ မှတ်ရမယ်နော် (မှန်ပါ့)။

အပေါင်းသိတာက ခန္ဓာငါးပါးကြီးဟာ ဒကာ ဒကာမတွေအပေါင်း သိထားတာက ဘာတဲ့ (သစ္စဉာဏ်ပါဘုရား)။

သစ္စာတော့ မသိဘူးလား.... (သိပါတယ်ဘုရား) ခန္ဓာငါးပါး အပေါင်းဟာ ဘာသစ္စာတဲ့တုံး....(ဒုက္ခသစ္စာပါ) အဲ.... အပေါင်းသိတာက သစ္စဉာဏ်....(မှန်ပါ့)။

တစ်ခါ သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးပါးကို ပေါ်တိုင်း၊ ပေါ်တိုင်း ဖြစ်ပျက်ကလေး ရှုပြီးသကာလ နေတာကတဲ့ ဒကာ ဒကာမတို့ ကိစ္စဉာဏ်....(မှန်ပါ့)။

ဒီဖြစ်ပျက်ကို ဒကာဒကာမတွေက ဆုံးအောင် လိုက်လို့ ဆုံးသွားလို့ရှိရင် ကတဉာဏ်....(မှန်ပါ့) သဘောပါကြပလား (ပါပါပြီ)။

ခန္ဓာငါးပါး အပေါင်းကြီး သိနေတာ.... (သစ္စဉာဏ်ပါဘုရား)။

http://www.dhammadownload.com



ဒီထဲက သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးပါး စိတ်ဖြစ်ပျက်ကလေးဟာ ဩော်....ဒါကလေးတွေ "ဒုက္ခသာ ပိဋ္ဌနဋ္ဌော သခ်တဋ္ဌော" ဆိုတဲ့အတိုင်း သူတို့နှိပ်စက်နေတာပဲ၊ ဒီဖြစ်ပျက်ကလေးဟာ နှိပ်စက်နေတာပဲလို့ သိပြန်တော့ ဘာဉာဏ်တဲ့တုံး....(ကိစ္စဉာဏ်ပါဘုရား)။

ဒါဖြင့် ဒီဖြစ်ပျက်ကလေးကို ဒကာ ဒကာမတွေက သိပြီး သဟာလနေတော့ ဖြစ်ပျက်တွေဟာ အင်း... နှိပ်စက်တဲ့တရားတွေမို့ နှိပ်စက်နေတာပဲလို့ အမှန်အကန် သိသိ-သိသိပြီးသွားတဲ့အခါကျတော့ ဒီဟာတွေ ဒီခန္ဓာကြီးဖြင့် မလိုချင်တော့ပါဘူးဆိုတဲ့ အခါကျတော့ ဖျတ်ခနဲ ချုပ်သွားတယ်.... (မှန်ပါ့) ချုပ်ပြီးမှ ပေါ်လာတဲ့ဉာဏ်ကို မောင်နိုင် ဘာဉာဏ်ခေါ်မလဲ (ကတဉာဏ်ပါဘုရား)။

ကတဉာဏ်ခေါ်တယ်။ ဟာ.... ငါ သောတာပန်တည်ပြီလို့ သိတဲ့ဉာဏ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ငါသောတာပန်တည်ပြီလို့ သိတဲ့ဉာဏ် ဘာဉာဏ်ခေါ်ကြမလဲ....(ကတဉာဏ်ခေါ်ပါတယ်ဘုရား)။

သုံးခေါက် ပြောပါမယ် ဒကာ ဒကာမတို့၊ ဒီဉာဏ်တွေ မဟောဖူးသေးလို့နော်....(မှန်ပါ့)။

ဒကာ ဒကာမတို့ အလုပ်ကို အတိုနဲ့ တက်တာလို့ မှတ်ပါ (မှန်ပါ့)။

ကိုဝ....ဘာနဲ့ တက်သလဲ.... (အတိုနဲ့ တက်တာပါဘုရား)။

http://www.dhammadownload.com



ဓမ္မာနုပဿနာနဲ့တက်တာ၊ ဦးဘကလေး ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဒါဖြင့်... ဒကာ ဒကာမတို့ ဉာဏ်သုံးဆင့်တော့ ဖြင့် ဆရာဘုန်းကြီးက ဟောထားပြီ၊ ကဲ ဘုရား....တပည့်တော် တို့ အပေါင်းသိတဲ့ဉာဏ်က သစ္စဉာဏ်၊ ဒီထဲက ဖြစ်ပျက်တဲ့ ဉာဏ်က ကိစ္စဉာဏ်၊ ဖြစ်ပျက်အဆုံးကို သိတဲ့ဉာဏ်က ကတဉာဏ် ဆိုတာတော့ဖြင့် ယုံမှား သံသယ မရှိဘဲနဲ့ ရှင်းလိုက်ပါပြီ.... (မှန်ပါ့)။

ဒါဖြင့် လိုရင်းကို ပြောပါတော့မယ်၊ ဉာဏ်သုံးဆင့်ကို ဒကာ ဒကာမတွေ ကိစ္စဉာဏ်ဟာ အလုပ်လုပ်ရမည့် ဉာဏ်.... (မှန်ပါ့) သစ္စဉာဏ်က သိရမည့်ဉာဏ်....(မှန်ပါ့ဘုရား)။

ကိစ္စဉာဏ်က....(အလုပ်,လုပ်ရမည့်ဉာဏ်ပါဘုရား)။

ကတဉာဏ်က ဝမ်းမြောက်ရမည့်ဉာဏ်....(မှန်ပါ့)။

ဒါ.... သေသေချာချာမှတ်ပါ၊ သစ္စဉာဏ်က.... (သိရမည့် ဉာဏ်ပါ) ကိစ္စဉာဏ်က.... (အလုပ်,လုပ်ရမည့်ဉာဏ်ပါ) ကတ ဉာဏ်က....(ဝမ်းမြောက်ရမည့်ဉာဏ်ပါဘုရား)။

ဝမ်းမြောက်ရမည့် ဉာဏ်ဆိုတာ ကိစ္စပြီးပြီလို့ သိတာ.... (မှန်ပါ့ဘုရား)။

ကိစ္စပြီးပြီလို့ သိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်ကိစ္စပြီးပြီ-ပြီးသွားပြီ ဟေ့-ဆိုတဲ့ ဝမ်းမြောက်မှု မလာဘူးလား....(လာပါတယ်)။

အဲဒီတော့ ဝမ်းမြောက်ရမည့်ဉာဏ်က ဘာဉာဏ်တဲ့.... (ကတဉာဏ်ပါဘုရား) ကတဉာဏ်ဆိုတာ သေချာပလား.... (သေချာပါပြီ)။

http://www.dhammadownload.com

( ၂၀ )

ကောင်းပြီ.... ဒါဖြင့် ဒကာ ဒကာမတို့ သေသေချာချာ ဒါ ဘယ်မှာလာပါလိမ့်မတုံးလို့ ကိုဝတို့က မေးလို့ရှိရင်ဖြင့် ဓမ္မစကြာမှာ လာတယ်လို့မှတ်....(မှန်ပါ့ဘုရား)။

ဘုရားတိုင်း မစွန့်တဲ့ ဓမ္မစကြာမှာ လာတယ်လို့ မှတ်ပါ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘုရားတိုင်းမစွန့်တဲ့ (ဓမ္မစကြာမှာ လာပါတယ်)ဓမ္မစကြာ မှာလာတယ်ဆိုတော့ သူ့ဟောလိုက်တော့ ကောဏ္ဍညနဲ့တကွ ဗြဟ္မာပေါင်း ရှစ်သောင်းလေးထောင်တွေ အကုန်ကျွတ်ကြ တယ်....(မှန်ပါ့)။

အကုန်လုံး တစ်ခါတည်း မဂ်ဉာဏ်၊ဖိုလ်ဉာဏ်ရကုန်ကြတယ် ဆိုတော့ ဩော်....ဒါ အရေးကြီးဆုံးပဲဆိုတာ ကိုဝ....မပေါ် သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တစ်ခေါက် ပြန်ပြောတယ်၊ သစ္စဉာဏ်က ဒကာ ဒကာမတို့ သိရမည့်ဉာဏ် မပါဘူးလား....(ပါ့ ပါတယ် ဘုရား)။

အေး....ဒါကြောင့် နောက် ဒကာ ဒကာမတွေ ခန္ဓာကိုယ် က အစိုးရမဘဲနဲ့ အလုပ်လုပ်ပြီး ဟောတဲ့ပုဂ္ဂိုလ်ကလဲ သူ့ခန္ဓာ က အနတ္တ၊ နာတဲ့ပုဂ္ဂိုလ်တွေကလဲ အနတ္တ၊ အနတ္တ၊ အနတ္တချင်း ကိုဝ ယှိုင်းပင်းကူညီနေတာ (မှန်ပါ့) ဖျောက်မပစ်ပါနဲ့ဆိုတာ ကိုလဲ သေသေချာချာ သတိပေးလိုက်ပါတယ်၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ကဲ….ဒါဖြင့် ကိစ္စညာဏ် ပြောပါတော့မယ်တဲ့၊ သူ့ ဝတ္ထု ထုတ်လိုက်ဦးမယ် ဒကာ ဒကာမတို့။

ကုရုတိုင်းမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သီတင်းသုံး ပါတယ်တဲ့၊ အဲဒီမှာ ကပိလဝတ်ပြည် ဆိုတာ ရှိတယ်၊ ရှိပြီး သကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဆွမ်းခံ သွား မလို့ဆိုပြီး စောလှပါသေးတယ် ဆိုပြီး သကာလ ခဏနေပြီး သကာလ နောက်မှပဲ ကဲ…အချိန်ရောက်ပြီဆိုပြီး သွားလိုက် တယ်၊ ကပိလဝတ်ပြည်ထဲ တစ်ပါးတည်းပဲကြွတယ်-(မှန်ပါ့)။

ကြွပြီးသကာလ ဆွမ်းတွေဘာတွေခံယူပြီး သကာလ တစ်ခု သော တောထဲ ဥသျှစ်ပင်အောက်မှာ သူသွားပြီး ဆွမ်းဘုဉ်း ပေးပြီး သကာလ နေ့သန့်စဉ် ဒီနေရာမှာပဲ ဖလသမာပတ် ဝင်စား နေတော့မယ် ဆို ပြီး သကာလ ကိုယ်တော်မြတ်ကြီး သီတင်းသုံးနေတယ်…. (မှန်ပါ့)။

သီတင်းသုံးပြီးသကာလနေတော့ ဒဏ္ဍပါဏိဆိုတဲ့ပုဂ္ဂိုလ်က ရွှေတုတ်ကောက်ကြီးနဲ့ ဘုရားလဲဝတ်မချဘူး၊ သစ်ပင်အောက် လာပြီးတော့ တုတ်ကောက်ကို မေးထောက်ပြီး သကာလ သြော်…ရှင်ကြီး ဂေါတမ ဒီရောက်နေသကိုးလို့ သူက နှုတ် ဆက်တယ်။

ရှင်ကြီးဂေါတမ အယူပြောစမ်းပါ၊ ဝါဒလဲ ပြောစမ်းပါ၊ ရှင်ကြီးဂေါတမယူတဲ့ အယူလဲ ပြောစမ်းပါ၊ သူများကိုပေးတဲ့ ဝါဒကိုလဲ သိချင်ပါတယ်၊ ဒါမေးတာပဲနော်…. (မှန်ပါ့)။

မေးတဲ့အခါကျတော့ ဘုရားကရိပ်မိတယ်၊ သူက ဒေဝဒတ် နဲ့ အမျိုးလဲ တော်တယ်၊ အမျိုးတော်ပြီး သူက ကျွတ်တမ်းဝင်

http://www.dhammadownload.com



မှာလဲ မဟုတ်ဘူးတဲ့....ဘုရားက သို့သော်လဲ ငါ့ဝါဒ ရှိတာ တော့ အကုန်ပြောလိုက်မှပဲ....ပြီးတော့ ဘုရားကိုလဲ စိတ်ဆိုး နေတဲ့ ပုဂ္ဂိုလ်။

ဒေဝဒတ်ကိုလဲ သံဃာ အပေါင်းက ကြဉ်ထားလို့ တစ်ကြောင်း၊ ဒေဝဒတ်ကို တရား ဟောတိုင်း ဟောတိုင်း အပါယ်သွားမည့် ပုဂ္ဂိုလ်ပဲ၊ ဘယ်သူကယ်လို့မှ မရတော့ဘူး၊ သူက သံဃာသင်းခွဲ သွေးစိမ်းတည့်အောင်လုပ်ထားတာကို.... (မှန်ပါ့) အဲဒါတွေ ဟောတာလဲ သူက မကြိုက်ဘူး။

ပြီးတော့....ဒီရာဟုလာကလေးကို အတင်းသက်နိုးဝတ်ပေး တာလဲ သူက မကြိုက်ဘူး၊ မကြိုက်တာက စကြဝတေးမင်း လောင်းကို တစ်ခါတည်း စကြဝတေးရတနာတွေဖျက်ပစ်တဲ့ ပုဂ္ဂိုလ်ဆိုပြီး သူက လောကီသမ္မား ဖြစ်နေတာကိုး(မှန်ပါ့)။

အဲဒီလို မကြိုက်တာနဲ့ တွေ့လို့သာ စကားပြောလိုက်ရတယ်၊ ရှင်ကြီး ဂေါတမက ဘယ်အယူ ရှိသတုံး.... ရှင်ကြီးဂေါတမ ဝါဒက ဘယ်လို ဝါဒလဲတဲ့။

ငါ့ ဝါဒကကွာ....တဲ့၊ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ ဝါဒ၊ ရှင်း ပလား.... (ရှင်းပါပြီ)။

သူ့ ဝါဒက ဘာတဲ့.... (ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒပါ)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ဝါဒစစ် ဝါဒ မှန်ကဖြင့် ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ ဝါဒလို့ ကိုဝ....မှတ်ထား လိုက်စမ်းပါ.... (မှန်ပါ့ ဘုရား)။

ကိုပေါ်....(ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ ဝါဒပါ) နောက်က ဒကာ ဒကာမတွေ....(ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒပါဘုရား)။

http://www.dhammadownload.com



နို့ ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ ဝါဒဆိုပြီး သက္ကာလ ဘေးက ဘုရားမှာ ရန်သူတွေ ပေါလှချည့်ကလား၊ တိတ္ထိတွေကလဲ တစ်ပုံကြီး၊ ဒေဝဒတ်တို့လို အဇာတသတ်တို့လိုဟာတွေ ရန်သူ တွေက ပေါလိုက်တာ၊ မာရ်နတ်ကြီးကလဲ စစ်လာတိုက်တာ မောင်နိုင် ဟင် (မှန်ပါ့)။

သူတစ်ပါးနဲ့ ရန်မဖြစ်ဘူးဆိုပြီး သကာလ ရန်ဖြစ်ရမည့် ပုဂ္ဂိုလ်တွေနဲ့လဲ ခဏခဏ ရန်ပွဲမတွေ့ဘူးလား.... (တွေ့ပါတယ် ဘုရား)။

သို့သော်လဲတဲ့ ဘုရားသခင် ဝါဒကတော့ ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ ဝါဒလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) ဒီဝါဒကို မကြိုက်တဲ့ လူက လာပြီး စစ်တိုက်တာ....(မှန်ပါ့)ဝါဒကတော့ အမှန်ပဲ.... (မှန်ပါ့)။

သူက ဘယ်လို ဟောလေ့ ရှိသတုံး၊ သူတစ်ပါးက ဒါ ရှေးဘုရားတွေက ဒုက္ခသစ္စာလို့ ရှေးပညာရှိဘုရားတွေက ဒုက္ခ သစ္စာပဲ ဟောလို့ရှိရင် သူဒုက္ခသစ္စာပဲ ပိုမဟောဘူး-(မှန်ပါ့)။

ဒီ ဒုက္ခသစ္စာမှာလဲဟော့.... သစ္စာသိမှု သစ္စဉာဏ်၊ ဖြစ်ပျက် သိမှု ကိစ္စဉာဏ်၊ ဖြစ်ပျက်တွေ ဆုံးသွားရင် ကတဉာဏ်ပဲ ဆိုတာလဲ ရှေးဘုရားတွေလဲ ဒီလိုပဲ ဟောတယ်.... (မှန်ပါ့) သူကော.... (ဒီလိုပဲ ဟောပါတယ် ဘုရား)။

အဲဒီတော့ ပညာရှိနဲ့တော့ ရန်သူဖြစ်တယ်လို့ ရှိရဲ့လား.... (မရှိပါ ဘုရား)။

မကြိုက်တဲ့ ပုဂ္ဂိုလ်က ဒီဟာ နားမလည်တဲ့ ပုဂ္ဂိုလ်ကတော့ သူ့ကိုရန်ဖြစ်တယ်-(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

http://www.dhammadownload.com



ဒါဖြင့် ဘုရားသည် သူက ရန်ဖြစ်တာလား၊ တစ်ပါးသော ပုဂ္ဂိုလ်က ရန်ဖြစ်တာလား-(တစ်ပါးသောပုဂ္ဂိုလ်က လာရန် ဖြစ်တာပါ ဘုရား)။

ဒါကြောင့် သူ့ ဝါဒကတော့ရန်မဖြစ်ပါဘူးတဲ့၊ ပညာရှိတွေ အကုန်လက်ခံနိုင်တဲ့ ဝါဒပါ....(မှန်ပါ့) ပညာမဲ့တွေက သူ့ကို ဘယ်တုန်းကမှ မကြားဘူးဘူး ဆိုပြီး သကာလတဲ့ တိုက်ကြတာတော့ ငါမတတ်နိုင်ဘူးတဲ့.... (မှန်ပါ့)။

ဘုရား ဝါဒရှင်းကြပလား-(ရှင်းပါပြီဘုရား) ဘာတဲ့တုံး (သူတစ်ပါးနဲ့ ရန်မဖြစ်တဲ့ ဝါဒပါ ဘုရား)။

ဘယ်ပုဂ္ဂိုလ်နဲ့မှ ရန်မဖြစ်တဲ့ ဝါဒဟာ ဘုရားဝါဒ(မှန်ပါ့) ခကာကြီးလိုင်....ပေါ်ပြီလား.... (ပေါ်ပါပြီ ဘုရား)။

ဘယ်ပုဂ္ဂိုလ်နဲ့မှ ရန်မဖြစ်တဲ့ ဝါဒဟာ (ဘုရား ဝါဒပါ ဘုရား) ဘုရားဝါဒလို့ မှတ်ကြစမ်းပါနော်.... (မှန်ပါ့)။

အဲဒီတော့ကို ခင်ဗျားတို့ အထဲမှာလဲ ဪ... ရှေးရှေး အင်မတန်ကျသွားတဲ့ ပုဂ္ဂိုလ်နဲ့ဆို ကိုဝ.... အတော် ခက်တယ် နော်.... (မှန်ပါ့)။

မင်းတို့ဟာကွာ ဝိပဿနာ အလုပ်၊ ဝိပဿနာ အလုပ်နဲ့ ဒို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပုတီးစိပ်နေတာလဲ ဒီအတိုင်းပါပဲကွ လို့ ဆိုလို့ရှိရင် သူ့ဟာ မြင်စိတ် မဟုတ်ဘူး၊ ရလို့စိပ်နေတဲ့ စိတ်နဲ့ ကျုပ်တို့က ပုတီးမပါဘဲနဲ့ ဉာဏ်နဲ့စိပ်နေတဲ့ စိတ်နဲ့ ကိုဝ ဘယ်ဟာက မှန်ပါ့မလဲ....(ဉာဏ်နဲ့ စိပ်နေတာက မှန်ပါတယ် ဘုရား)။

http://www.dhammadownload.com



မင်းတို့ လက်ထက်မှာကွာ.... ကိုင်ရတာနဲ့ ပြုရတာနဲ့ ရှုရတာနဲ့ ပွားရတာနဲ့ ဒို့ဒီလိုလာခဲ့တာပါပဲ၊ ဒို့ဆရာကြီးတွေလဲ ဒီလိုပဲဆိုလို့ရှိရင် အဲဒီလူနဲ့ ခင်ဗျားတို့ ရန်ဖြစ်လိမ့်မယ်(မှန်ပါ့) မဖြစ်ရပေဘူးလား....(ဖြစ်ရပါတယ်ဘုရား)။

သို့သော်....ခင်ဗျားတို့ကဖြစ်တာလား....သူတို့ကမကြိုက်လို့ ဖြစ်ရတာလား....(သူတို့က မကြိုက်လို့ ဖြစ်ရတာပါဘုရား)။

အဲဒီလိုပဲ့တဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဝါဒဟာလဲ ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ ဝါဒ၊ ပညာရှိလက်ခံတဲ့ဝါဒ၊ ဘုရားအစဉ်အဆက်သုံးတဲ့ ဝါဒဟာ ငါ့ဝါဒပဲ၊ သို့သော်-ငါမကြားဘူးတဲ့ ပုဂ္ဂိုလ်၊ မသိဘူးတဲ့ ပုဂ္ဂိုလ်တွေကဖြင့် ဒါ ရန်ဖြစ်မှာပဲကွာ... ငါ့ဝါဒကတော့ ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒ၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘုရားဝါဒဟာ ဘာပါလိမ့်.... (ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ ဝါဒပါဘုရား) ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒလို့ မှတ်လိုက်စမ်းပါနော်....(မှန်ပါ့)။

ဒါတွင်မကသေးဘူးကွ၊ ငါသည်တဲ့ သံသယဝိစိကိစ္ဆာကင်းပြီးသကာလ အလုံးစုံ အပေါ်မှာတဲ့ တဏှာဖြတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်လို့လဲ မင်းမှတ်ပါတဲ့ ဒဏ္ဍပါဏိကို ဘုရားက ပြောနေတယ်....(မှန်ပါ့)။

အလုံးစုံ သံသယကင်းပြီးသကာလ တဏှာဖြတ်တဲ့ အလုပ်ဟာ ငါ့အလုပ်လို့ မှတ်ပါတဲ့....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

http://www.dhammadownload.com



ဘယ်သူနဲ့မှ ရန်မဖြစ်တာက သူ့ ဝါဒ....(မှန်ပါ့) သူ့ အလုပ်က သံသယဝိစိကိစ္ဆာကင်းပြီး တကျာဖြတ်တဲ့ အလုပ်ဟာဖြင့် ဒါ သူ့ လုပ်ငန်းစဉ်....(မှန်ပါ့)။

ဝါဒက ဘာတဲ့တုံး.... (ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒပါ) ဘယ်သူနဲ့မှ မဆန့်ကျင်တဲ့ ဝါဒဖြင့်....ဒါ သူ့ ဝါဒ....(မှန်ပါ့) အလုပ်စဉ် ပြောစမ်းပါဆိုတော့ သံသယမရှိဘဲနဲ့ တကျာဖြတ်တဲ့ ဝါဒ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ ပြောပြီးသကာလ ဒဏ္ဍပါဏိကလဲ မောင်နိုင်ရ.... နှားထောင်ပြီး ပြန်သွားတာပါပဲ ...(မှန်ပါ့)။

ဩော်....ဒီဝါဒကိုး၊ ဒီအကျင့်ကိုး ဆိုပြီးသကာလ ဒီလို ဟောလေ့ရှိသကိုး ဆိုပြီးသကာလ ပြန်သွားတာပါပဲ(မှန်ပါ့)။

ပြန်သွားတော့ ကျောင်းပြန်ရောက်လာတဲ့အခါ ရဟန်း တစ်ပါးက အရှင်ဘုရား .. ဒီနေ့ ဘယ်ကြွပါသတုံးဘုရာ့....ငါ ဘယ်ကြွတယ်ကွာ....ဘာနဲ့ တွေ့ပါသတုံးဘုရာ့ ... ဒဏ္ဍပါဏိနဲ့ တွေ့သကွာ....။

ဘာပြောခဲ့ပါသတုံး.... "ငါ့ဝါဒနဲ့ အလုပ်စဉ်" ပြောခဲ့ တယ်ဟေ့ .. ရှင်းကြပလား ....(ရှင်းပါပြီဘုရား)။

ဘာပြောခဲ့သတုံး.... (ဝါဒနဲ့ အလုပ်စဉ် ပြောခဲ့ပါတယ် ဘုရား)။

ဝါဒနဲ့အလုပ်စဉ် ပြောခဲ့တယ် ဆိုတဲ့ဥစ္စာ ပြောတော့ ဒါဖြင့် ဘုရားတပည့်တော်များ သိပါရစေတဲ့။

ဩော်... ငါ့ဝါဒဟာကွာ.... ဘယ်သူနဲ့မှ ရန်မဖြစ်တဲ့ဝါဒ၊ သံသယ မရှိဘဲနဲ့ ကိလေသာသတ်တဲ့ အလုပ်စဉ်ကွ ...(မှန်ပါ့)။

http://www.dhammadownload.com



ဘယ်သူနဲ့မှ ရန်မဖြစ်တာ ငါ့ဝါဒ၊ သံသယတွေ သတ်ပြီး သကာလ ကိလေသာဖယ်ရှားတဲ့ အလုပ်ဟာ ငါ့အလုပ်စဉ်ကွ ဆိုတော့ ဦးဘရှင်း ဒီရဟန်းကလဲ ဗဟုသုတနည်းတော့... ဒီလောက်ကလေးနဲ့ သိနားလည်ပါ့မလား....(မလည်ပါ)။

မလည်ဘူးနော်.... (မှန်ပါ့) မလည်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ ဒါကလေး ပြောခဲ့ပြီး ကိုပေါ်-ကျောင်းခန်းထဲကြွသွားတယ်....(မှန်ပါ့)အရှင်ဘုရား ဒါကလေး ဆက်ပြောပါဦးလို့ လိုက်တောင်းပန်လို့လဲ ရပါ့မလား.... (မရပါဘုရား)။

မရတော့ တရားနာတဲ့ရဟန်းကော၊ ဘေးက အပေါင်းအဖော်တွေကော သူတို့စိတ်ကူးကြတယ်၊ ဩော်....ဘုရားကလဲ တရားကို တိုတိုဟောသွားတယ်....၊ အကျယ်မဟောဘဲနဲ့ အကျဉ်းပဲ ဟောသွားတယ်၊ ဝါဒလဲ ပြောသွားတယ်၊ အလုပ်စဉ်လဲ ပြောသွားတယ်၊ ဘယ်သူ့မေးရမတုံးလို့ သူတို့လိုက်ရှာတော့ အရှင်မဟာကစ္စည်းကို သူတို့ သတိရတယ်.... (မှန်ပါ့)။

အရှင်မဟာကစ္စည်းက ဘုရားအကျဉ်းဟောတာကို သူချဲ့နိုင်တဲ့သတ္တိရှိတယ်၊ ဘုရားကလဲ သူ့ကိုချီးမွမ်းတယ်....(မှန်ပါ့) ဒီတော့ သူ့ဆီသွားကြစို့ဆိုပြီး အရှင်မဟာကစ္စည်းဆီ သွားကြတယ်....(မှန်ပါ့)။

သွားကြပြီး အရှင်မဟာကစ္စည်းထံလျှောက်တယ်။ အရှင်ဘုရား.... ဒဏ္ဍပါဏိကိုဟောခဲ့တဲ့တရား.... တပည့်တော် တို့ကို ဟောတာလဲ အင်မတန်မှ ကျဉ်းနေပါတယ်....။

**ဘာတုံးကွ....ဘယ်လို ဟောသတုံး ဘုရား....တဲ့။**

http://www.dhammadownload.com



သူ့ဝါဒကဘယ်သူနဲ့မှ မဆန့်ကျင်တဲ့ဝါဒလို့ဟောပါတယ်၊ သူ့မှာ သံသယမရှိဘဲနဲ့ ကိလေသာကို သတ်တဲ့ အလုပ်ဟာ သူ့အလုပ်ပါလို့ ဟောတယ်။ အဲဒါ တပည့်တော် တို့က ကျဉ်းလွန်းလို့ ဘာမှ နားမလည်ဘူးဆိုတော့ ဖြစ်ပျက်ရှုပါ၊ ဘယ်လိုလုပ်ပါဆိုတာ ဦးဘရှင်း ပါသေးသလား....(မပါ-ပါ ဘုရား)။

မပါတော့ ရှေးကလဲ နားမလည်ဘူး....(မှန်ပါ့)ဒကာကြီး လှိုင် ရှေးကလဲ နားမလည်ဘူး....(မှန်ပါ့)။

ဩော်....မင်းတို့ကလဲကွာ.... အနှစ်ရှိတဲ့ သစ်ပင်ဆီက အနှစ် မရှိတဲ့ သစ်ပင်ဆီလာပြီး အနှစ်တောင်းသလို ဖြစ်နေပါပေါ့ လားလို့ အရှင်မဟာကစ္စည်းက ပြောလိုက်တယ်...(မှန်ပါ့)။

ဘုရားက အနှစ်ရှိတာကိုး...(မှန်ပါ့) သူတို့က ဘုရားနှင့် စာတော့ အနှစ်က ဒီလောက်ပြည့်စုံတာ မဟုတ်တော့ မဟုတ် ပါဘူးတဲ့- အနှစ်ရှိတဲ့ဆီက အနှစ်မရှိတဲ့ဆီ လာပြီးသကာလ တရားတောင်းတယ်လို့ ဒီလို အယူမရှိပါနဲ့.... အရှင်ဘုရားကို ဘုရားကလဲ ချီးမွမ်းပါတယ်၊ ဘုရားအကျဉ်းဟောထားလို့ရှိရင် အရှင်ဘုရား ချဲ့နိုင်တယ်ဆိုတဲ့ဥစ္စာ သတင်းက အင်မတန်မွှေး ပါတယ်။ ဒါကြောင့် တပည့်တော်များ လာရပါတယ်ဆိုတော့ မင်းတို့ တကယ် နာချင်သလား....တဲ့၊ တကယ် နာချင်ပါတယ် ဆိုတော့ ဒါဖြင့် ငါသစ္စာဟောမယ်ဆိုပြီး သစ္စာဟောတာပဲ (မှန်ပါ့)။

ကဲ....ဒကာ ဒကာမတို့ သူဟောတဲ့ သစ္စာ ဒီလို မှတ်ကြပေ တော့နော်....(မှန်ပါ့)ခင်ဗျားတို့ကို အလုပ်စဉ်ပေးတော့မယ်။

http://www.dhammadownload.com



အလုပ်စဉ်ပေးတော့မယ်ဆိုတော့ ဒကာ ဒကာမတို့မြင်စိတ်ကလေး ပေါ်တယ်တဲ့နော်.... (မှန်ပါ့)။

အဆင်းကြည့်တော့ မြင်စိတ်ကလေး မပေါ်ဘူးလား...(ပေါ်ပါတယ်ဘုရား) လူသေမှာ ပေါ်သလား၊ လူရှင်မှာ ပေါ်သလား.... (လူရှင်မှာ ပေါ်ပါတယ်ဘုရား)။

ဩော်...ဒါဖြင့် လူရှင်ဖြင့် မျက်လုံးရုပ်ကလေးကလဲ ပသာဒရုပ်ကလေးကလဲ ကြည်သေးလို့ ဟိုဘက်က အဆင်းကလဲ ရှိလို့ပေါ့ မောင်နိုင်ရာ.... (မှန်ပါ့)။

ဒါဖြင့် ဒီက မျက်လုံးအကြည်ရုပ်နဲ့ ဟိုက အဆင်းနဲ့ နှစ်ခုတိုက်တဲ့အခါကျတော့ ကြားထဲမှာ မျက်လုံး အကြည်ပေါ်မှာ မြင်တဲ့စိတ်ကလေး ဖျတ်ခနဲပေါ်တယ်..., (မှန်ပါ့) မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)ရှင်းပြီနော်(ရှင်းပါပြီဘုရား)။

ဒါဖြင့် အဆင်းနဲ့ မျက်လုံးအကြည်နဲ့ ပေါင်းပြီးတော့ ကြားထဲမှာ အလယ်မှာ ဘာပေါ်သတုံး.... (မြင်စိတ်ပေါ်ပါတယ် ဘုရား)။

မြင်စိတ်ပေါ်တယ်ဆိုတာ ဘုန်းကြီး ခဏခဏဟောတယ်.... (မှန်ပါ့) "စက္ခုံ့ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"ဆိုတဲ့ ဥစ္စာ ပေါ်သွားပြီဆိုကြပါစို့.... (မှန်ပါ့)။

မြင်စိတ်ကလေး မပေါ်ဘူးလား(ပေါ်ပါပြီဘုရား) စက္ခုဝိညာဏ်ဆိုတာ မြင်စိတ်ပါပဲ။

အဲဒီတော့ ဒကာ ဒကာမတွေ ဘယ်အခါမြင်မြင် ဩော်- **ဒီနှစ်ကြောင်းကြောင့် မြင်စိတ်ကလေး ပေါ်တာကို မှတ်လိုက်တာပေါ့... (မှန်ပါ့)။**

http://www.dhammadownload.com



အဲဒီ မြင်တော့ကိုတဲ့၊ ဒါ ထားပါဦးကွာတဲ့ မြင်ပြီး သကာလ ဘာလုပ်ကြသတုံးဆိုတော့ မြင်ပြီးသကာလ တွေ့တယ်ကွာတဲ့.... ဖဿ ဖြစ်ပါတယ်၊ မတွေ့ဘူးလား.... (တွေ့ပါတယ်ဘုရား)။

ကျုပ်မျက်လုံးထဲတွေ့တယ်လို့ မပြောဘူးလား....(ပြောပါတယ် ဘုရား) ဖဿပစ္စယာ.... ဝေဒနာ လာပါတယ်ကွာတဲ့ နော် (မှန်ပါ့)။

ဖဿပစ္စယာ.... (ဝေဒနာလာပါတယ်ဘုရား)။

ခုနက တိဏ္ဏံ သင်္ဂတိဖဿော၊ ဖဿပစ္စယာ.... (ဝေဒနာပါဘုရား)။

ဝေဒနာလာပြီးသကာလ ဝေဒနာတင် ခံစားတာမဟုတ်ဘူး မှတ်သေးတယ်ကွာတဲ့ ဒါကလေးဟာ နီလာပဲ၊ ဒါကလေးဟာ ကောင်းတယ်ဆိုတဲ့ ဒီကျောက်ကလေးဟာ ကောင်းတယ်ဆိုတဲ့ စေတနာက အရင်လာတယ်.... (မှန်ပါ့) ပြီးတော့မှ အနီကောင်းကလေးဟေ့၊ အပြာကောင်းကလေးဟေ့ ဆိုတဲ့ သညာ နောက်ကလိုက်လာတယ်.... (မှန်ပါ့) လိုက်မလာဘူးလား.... (လိုက်လာပါတယ်ဘုရား)။

အဲဒီလို လိုက်လာပြီးတော့မှ ဒကာ ဒကာမတွေ အင်း.... ဘယ်လိုတက်ရမယ်၊ ချွန်းဘယ်ဘက်ထားရမယ် ဟုတ်လား၊ အစရှိသည်နဲ့ အမျိုးမျိုးအဖုံဖုံ မကြံကြဘူးလား.... (ကြံပါတယ် ဘုရား)။

ဩော်.... ဒါဖြင့် ဒကာဒကာမတို့ မြင်ပြီးတော့ တွေ့တယ်၊ တွေ့ပြီး ခံစားတယ်၊ ခံစားပြီးသကာလ မှတ်တယ်၊ မှတ်ပြီး

http://www.dhammadownload.com



သကာလ ကြုံတာကိုး....(မှန်ပါ့) မလာဘူးလား.... (လာပါတယ် ဘုရား)။

ဒါကလေး မှတ်ထားလိုက်စမ်းပါ ဒကာ ဒကာမတို့။

အဆင်းနဲ့ မျက်လုံးအကြည်နဲ့ တိုက်ပြီးတော့ ကျောက်ကလေး မြင်စိတ် မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား) အဆင်းဟာ ကျောက်ပဲနော်။

အဲဒီ အဆင်းပေါ်လာပြီး သူတို့သုံးခု ပေါင်းမိတဲ့အခါ ဖဿ မလာဘူးလား....(လာပါတယ်ဘုရား) တွေ့ထိတဲ့ ဖဿ လာပါတယ်၊ ဒါကလေးဖြင့် တွေ့ပြီ ကျောက်ကလေး တွေ့ပြီ ဆိုတာ လာပါတယ်.... (မှန်ပါ့)။

လာပြီးသကာလ ကောင်းလိုက်တာဟေ့ မကောင်းရင်လဲ မကောင်းဘူးဟေ့ဆိုတဲ့ ဝေဒနာ မလာဘူးလား-(လာပါတယ်ဘုရား)။

ဝေဒနာလာပြီးသကာလ ဒီဥစ္စာကလေးကိုဖြင့်တဲ့၊ သညာကလဲ မှတ်ပါတယ်၊မမှတ်သေးဘူးလား(မှတ်ပါတယ်ဘုရား)။

ခံစားတဲ့ဝေဒနာကို ဒါ အနီကောင်းကလေးလို့ မှတ်၊ အပြာကောင်းကလေးလို့ မှတ်တဲ့သဘော မလာဘူးလား.... (လာပါတယ်ဘုရား)။

ပြီးတော့မှ ဒါကလေးထောင်ကြည့်ပြီးသကာလ ကြံလုံးလာတယ်ကွာတဲ့(မှန်ပါ့)မလာလား.... (လာပါတယ်ဘုရား)။

ကြံလုံး လာပါတယ်တဲ့၊ ကြံပြီးသကာလ အကြံတည့်တဲ့ အခါကျတော့မှ တဏှာ၊ မာန၊ ဒိဋ္ဌိလာတယ်.... (မှန်ပါ့)။

http://www.dhammadownload.com



မောင်နိုင် အကြံတည့်သွားတော့-(တဏှာ၊မာန၊ဒိဋ္ဌိလာပါ တယ်) မကြံတဲ့နဲ့ ဝယ်တဲ့ပုဂ္ဂိုလ်များ ရှိပါ့မလား....(မရှိပါ ဘုရား)။

အဲဒါ ကျောက်ကုန်သည် ဟောနေတယ်လို့ မယူနဲ့၊ ဘုရား ဟောစဉ်.... (မှန်ပါ)။

ပထမဦးစွာ ကျောက်ကလေးနဲ့ မျက်လုံးအကြည်နဲ့ တွေ့တဲ့ အခါ ကျောက်ကိုမြင်တဲ့စိတ်ကလေး ပေါ်တယ်၊ မြင်ပြီးတွေ့ တယ်၊ တွေ့ပြီးခံစားတယ်။ ခံစားပြီးတော့ မှတ်တယ်၊ မှတ်ပြီး သကာလ ကြံလုံးမထုတ်ဘူးလား....(ထုတ်ပါတယ်)။

ကြံလုံးထုတ်ပြီးတော့မှ ဝယ်မယ်-မဝယ်မယ်ဆိုတဲ့ ဝယ်ချင် တဲ့စိတ် တဏှာ ရင်ထဲလာလိမ့်မယ်၊ ဒါကလေး ငါကြိုက်တယ် ဆိုတော့ ဒိဋ္ဌိကော.... (လာပါတယ်) သဘောကျပလား.... (မှန်ပါ)။

အဲဒီတော့ ဒီကျောက်မျိုးဟာ ငါပဲဝယ်နိုင်တယ် ဆိုတဲ့ မာနကကော.... (လာပါတယ်ဘုရား)။

ဒါဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိတစ်ခုခုတော့ မလိုက်ပေဘူး လား.... (လိုက်ပါတယ်ဘုရား)။

ဒါဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိ လိုက်လာတော့ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ ဇာတိ ပဋိစ္စသမုပ္ပါဒ် မတန်းသေးဘူးလား (တန်းပါတယ် ဘုရား)။

အဲဒီတော့ကို ပထမ ဒကာ ဒကာမတွေ ဒီလိုမှတ်ရမယ်တဲ့၊ ဒီကျအောင်တန်းသွားတော့ ကျုပ်တို့သည် ပစ္စုပ္ပန်ဘဝက အနာဂတ်ဘဝကျအောင်ပဲ အကျိုးအကြောင်း မဆက်ဘူး

http://www.dhammadownload.com



လား…(ဆက်ပါတယ်ဘုရား)ကောင်းသေးရဲ့တား(မကောင်းပါဘုရား)။

မကောင်းတော့ဘူး ပပဥ္စလိုက်လာပြီ… (မှန်ပါ) ပပဥ္စလိုက်လာတော့ ကောင်းသေးရဲ့လား (မကောင်းပါဘုရား)။

ကြံပြီးတော့ ဘာလိုက်သတုံး မောင်နိုင်… (ပပဥ္စလိုက်ပါတယ် ဘုရား)တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ပပဥ္စ မလိုက်ဘူးလား (လိုက်ပါတယ်ဘုရား)။

အကြံသာတည့်သွားလို့ရှိရင် တဏှာကဝင်မယ်၊ မလာဘူးလား… (လာပါတယ်ဘုရား)။

ဒိဋ္ဌိကလဲ ဒါကလေးဟာတော့ ငါ့မှာ အစပ်ရှိတယ်…ငါ့အစပ်နဲ့ အတော်ပဲဆိုတဲ့ ငါကလေးဟာလဲ သွင်းလာတယ်… (မှန်ပါ) ဒိဋ္ဌိကော မလာဘူးလား… (လာပါတယ်ဘုရား)။

မာနကလဲ ဒီဉစ္စာတော့ ဒီအဖိုးတော့ဖြင့် သူများမမီအောင် ပေးမှပဲ ရမှာပဲဆိုပြီး မာနကလေး နည်းနည်းကလေး ကူပေးလိုက်တယ်… (မှန်ပါ) တစ်ခုခုတော့ လာရမယ်ဗျာ… မလာပေဘူးလား… (လာပါတယ်)။

တဏှာ၊ မာန၊ ဒိဋ္ဌိ တစ်ခုခု မလာဘူးလား…(လာပါတယ်ဘုရား)။

ဒါဖြင့်… ကြံပြီးမှလာတာ ရှင်းပလား… (ရှင်းပါပြီ) အဲဒီလို ဆိုလို့ရှိရင် မောင်နိုင်… သံသရာ မှဆက်ပေဘူးလား ဆက်သလား… (ဆက်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဆက်သွားပြီဆိုတာ ကျေနပ်ပလား(ကျေနပ်ပါပြီဘုရား)။

အဲဒီတော့ကွာ...တဲ့ ငါက တဏှာဖြတ်တဲ့ဝါဒ ဆိုသော ကြောင့်တဲ့၊ မင်းတို့ကို ငါသစ္စာပြောမယ်တဲ့၊ ဟော....အဆင်း ရုပ်ကလေး ကျော့ကအဆင်းရုပ်ကလေးဟာလဲ ဒုက္ခသစ္စာပဲ၊ သဘောကျပလား....(ကျပါပြီဘုရား)။

မြင်စိတ်ကလေးဟာကော.... (ဒုက္ခသစ္စာပါပဲ)၊ အကြည် ရုပ်ကလေးဟာကော.... (ဒုက္ခသစ္စာပါပဲ)။

အဲဒါ ကြိုက်ရာတစ်ခုကို ဒကာဒကာမတွေကတဲ့.... ပပဥ္စ မလာခင် ဖြစ်ပျက်ရှုပါ.... (မှန်ပါ့)။

ပပဥ္စမလာခင်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ရှုလိုက်တော့ကိုတဲ့ ပပဥ္စ မသိမ်းဘူးလား.... (သိမ်းသွားပါတယ်ဘုရား)။

ပပဥ္စ သိမ်းတယ်နော်.... (မှန်ပါ့) ပပဥ္စ သိမ်းတယ်ဆိုတော့ တဏှာသိမ်း၊ မာနသိမ်း၊ ဒိဋ္ဌိသိမ်း မကျဘူးလား.... (ကျပါ တယ် ဘုရား)။

ဒါဖြင့် သူတို့သုံးခုကမှ သံသရာချဲ့တာကို ကျုပ်တို့က ဒီ မြင်စိတ်ကလေး ကြိုက်လို့ မြင်စိတ် ဖြစ်ပျက်ရှုလိုက်တယ်...၊ အဆင်းကြိုက်လို့ အဆင်း ဖြစ်ပျက်ရှုလိုက်တယ်၊ တည့်တာ ရှုပေါ့ဗျာ.... (မှန်ပါ့)။

အဆင်းရှုလို့ရှိရင် ကာယာနုပဿနာ၊ မြင်စိတ်ရှုလို့ရှိရင် စိတ္တာနုပဿနာ၊ အကြည်ရုပ်ကလေး ရှုလို့ရှိရင်လဲ ကာယာ နုပဿနာ သတိပဋ္ဌာန်ရုပ် ရှုတာပဲ....(မှန်ပါ့)ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

http://www.dhammadownload.com



အဲဒါ တစ်ခုခုကို ဒကာ ဒကာမတွေက ဘုန်းကြီးကတော့ ဗီဒီယိုမှာ စိတ္တာနုပဿနာကို မှန်မှန်ကြီး ပြောနေတဲ့အတွက် စိတ်သာရှု.... (မှန်ပါ့) မြင်စိတ် ဖြစ်ပျက်ရှုလိုက်တော့ တဏှာ မာန ဒိဋ္ဌိ ဘယ်နှယ်နေသလဲ....(မလာပါဘုရား)မလာတာတော့ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီတော့ တဏှာ၊ မာန၊ ဒိဋ္ဌိ မလာတော့ ဩော်....ငါ သည် နောက် ဘဝများ ဘယ်နှယ်ဟာများ ဖြစ်ဦးမှာပါလိမ့် မတုံးဆိုတဲ့ ဝိစိကိစ္ဆာ လာသေးသလား.... (မလာပါဘုရား)။

ဟော.... ဝိစိကိစ္ဆာသတ်တယ်၊ ဝိစိကိစ္ဆာမသတ်ဘူးလား.... (သတ်ပါတယ်ဘုရား)။

ပပဉ္စမှ မလာဘဲ ကိုဝရ... ဝိစိကိစ္ဆာ လာသေးရဲ့လား.... (မလာပါဘုရား)။

ငါ နောက်ဘဝ ဘဝများဖြစ်ပါလိမ့်မတုံး.... အို.... ဒီမြင် စိတ်ကလေးဟာ ဖြစ်ပျက်ဒုက္ခသစ္စာ၊ ရှုတာက မဂ္ဂသစ္စာလို့ ခင်ဗျားတို့သန္တာန် ပေါ်လာသမျှ ဒုက္ခသစ္စာကိုး....(မှန်ပါ့)။

ဖြစ်ပျက်ဟာ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ) ဒါဖြင့် ကိစ္စဉာဏ်နဲ့ ရှုလိုက်.... (မှန်ပါ့)။

ကိစ္စဉာဏ်နဲ့ ပွားပေးလိုက်၊ မြင်စိတ် ပေါ်တိုင်း ပေါ်တိုင်း ရှု၊ ကြားစိတ် ပေါ်တိုင်း၊ပေါ်တိုင်း (ရှုရပါမယ်)အဲ....တစ်နေ့ က သင်တဲ့အတိုင်းပေါ့ဗျာ.... (မှန်ပါ့)။

အဲဒါတွေ ရှုပေးလိုက်တော့ ဘာဉာဏ်နဲ့ ရှုနေတာတုံး မောင်နိုင်.... (ကိစ္စဉာဏ်နဲ့ ရှုနေတာပါ) ကိစ္စဉာဏ်နဲ့ရှုနေတယ်၊ သဘောပါပါလား.... (ပါပါပြီဘုရား)။

http://www.dhammadownload.com

( ၃၆ )

ကိစ္စညာဏ်နဲ့ ရှုပြီးနေလိုက်တော့ ခုနက ကြံလုံးတို့၊ ပပဉ္စတို့ ဦးဆာရှင်း.... လာသေးသလား.... (မလာပါဘုရား)။

မလာတော့ ငါ့ဝါဒဟာ တဏှာဖြတ်တဲ့ ဝါဒဆိုတာကော သေချာပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီတဏှာသည် အခု ဖြစ်ပျက်ရှု လိုက်ပါတယ်။ စိတ်ကလေး ဖြစ်ပျက်ရှုလိုက်တော့ ခုနက တဏှာလဲ မလာ၊ မာနလဲ မလာ၊ ဒိဋ္ဌိလဲ မလာဆိုတော့ ကိုဝ.... ဒါ သေချာသွားပြီ.... (မှန်ပါ့) ပပဉ္စ မပြတ်ဘူးလား....(ပြတ် ပါတယ်ဘုရား)။

ပပဉ္စ ပြတ်တယ်ဆိုရင် ပဋိစ္စသမုပ္ပါဒ်ကော- (ပြတ်ပါတယ်) ဒီ ပပဉ္စက ချဲ့လို့ ပဋိစ္စသမုပ္ပါဒ် ဖြစ်ရတယ်.... (မှန်ပါ့)။

သေသေချာချာ မှတ်စမ်းပါ၊ ပဋိစ္စသမုပ္ပါဒ် ရှည်တန်း ထွက်တာသည် ဘယ်သူက တန်းအောင်လုပ်တာတုံး-(ပပဉ္စက လုပ်တာပါဘုရား)။

တဏှာ၊ မာန၊ ဒိဋ္ဌိ ဤသုံးခုက တန်းအောင်လုပ်တာ၊ နှစ် ဘဝဆိုက်အောင် မောင်နိုင်.... မလုပ်ဘူးလား.... (လုပ်ပါတယ် ဘုရား)။

ဘဝများစွာဆက်အောင် ဘယ်သူကလုပ်ပါလိမ့်- (တဏှာ၊ မာန၊ ဒိဋ္ဌိက လုပ်ပါတယ်ဘုရား)။

အေး....ပပဉ္စက လုပ်တယ်၊ ချုံးခေါ်တော့ ပပဉ္စ။ ရှင်း ပလား....(မှန်ပါ့) အခုလာသေးရဲ့လား....(မလာပါဘုရား)။

http://www.dhammadownload.com



မလာတော့ကိုတဲ့ ဒကာ ဒကာမတွေ ဒိတဏှာ၊ ဒိမာန၊ ဒိဒိဋ္ဌိဟာတဲ့ ဘယ်နားမှာ သေပါလိမ့်မတုံးလို့မေးဖို့ မလိုဘူးလား....(လိုပါတယ်ဘုရား)။

ဟော....ဒကာ ဒကာမတို့ ကျုပ်တို့က ကိစ္စညာဏ်နဲ့ ဖြစ်ပျက်ဆိုတဲ့ မြင်စိတ်ကလေးကို ဖြစ်ပျက် ရှုလိုက်တော့ အဲဒီ နေရာနားမှာ မဂ်က သတ်ပစ်လိုက်တယ်.... (မှန်ပါ)။

မြင်စိတ်တည်းဟူသော ချည်တိုင်နားမှာ မဂ်က ဒိတဏှာ မာန ဒိဋ္ဌိ သတ်ပစ်လိုက်တယ်....(မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

မြင်စိတ်တည်းဟူသော ချည်တိုင်နားမှာ.... (မဂ်က သတ်ပစ်လိုက်ပါတယ်) မဂ်က သတ်လိုက်တယ်၊ ဘယ်သူ့ သတ်လိုက်ပါလိမ့် (တဏှာ၊ မာန၊ ဒိဋ္ဌိ သတ်လိုက်ပါတယ်ဘုရား)။

အဲ....ဒါကြောင့် ဒကာ ဒကာမတွေ ခင်ဗျားတို့ စိတ်ချေရင်းမှာ တဏှာ၊ မာန၊ ဒိဋ္ဌိသေရတယ်....(မှန်ပါ) ဘယ်သူက သေအောင် လုပ်ပါလိမ့်မတုံးလို့ မေးတဲ့ အခါ ကျတော့မှ ဒကာ ဒကာမတွေ မှတ်ထားလိုက်စမ်းပါထဲ့၊ ဘယ်သူက သေအောင် လုပ်သတုံး ဆိုတော့ (ကိစ္စညာဏ်က သတ်ပစ်လိုက်ပါတယ် ဘုရား)။

ဖြစ်ပျက်ကို သိတဲ့ ကိစ္စညာဏ်က ဘာတုံး သတ်ပစ်လိုက်ပါတယ်.... (မှန်ပါ ဘုရား)။

အဲ-ဖြစ်ပျက်ကိုသိတဲ့ ကိစ္စညာဏ်က သတ်လိုက်တယ်၊ ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ကြားစိတ်ကလေးလာလဲ ခုနက ပပဉ္စ မလာရ အောင် ကြားစိတ်ကလေး ဘာလုပ်ရမလဲ.... (ဖြစ်ပျက် ရှုရ ပါမယ်ဘုရား)။

ဖြစ်ပျက် ရှုတော့ ဘာဉာဏ်ရသလဲ....(ကိစ္စဉာဏ်ရပါတယ်) ကိစ္စဉာဏ်ရတယ်နော်.... (မှန်ပါ)။

ကိစ္စဉာဏ်ရတယ်တဲ့၊ ကိစ္စဉာဏ်ဆိုတာ ဩော်... ဘာဉာဏ် ပါလိမ့်မတုံး ဆိုလို့ ရှိရင်ဖြင့် ပီဠနဋ္ဌော၊ သခ်တဋ္ဌော၊ သန္တာ ပဋ္ဌော၊ ဝိပရိဏာမဋ္ဌော၊ ဝိပရိဏာမဋ္ဌောဆိုတာ ဩော်.... ဖောက်ပြန်ပြီးပျက်စီးသွားတာပဲကိုး....လို့ မသိလိုက်ဘူးလား (သိလိုက်ပါတယ် ဘုရား)။

မြင်စိတ်ကလေးဟာလေ-(မှန်ပါ)ကြားစိတ်ကလေးကော (ဒီအတိုင်းပျက်စီးပါတယ်) ဒီအတိုင်းပဲ ဖောက်ပြန် ပျက်စီး တာမဲ (မှန်ပါ) ဒါ ကိစ္စဉာဏ်ပဲ .... (မှန်ပါ)။

မဖောက်ပြန်ဘဲနဲ့ ပျက်စီးတာ ဟုတ်ရဲ့လား.... (မဟုတ်ပါ ဘုရား) ဖြစ်လဲဖြစ်တယ်၊ ဖြစ်ပြီးလဲ ချုပ်သွားတယ်....(မှန်ပါ) မချုပ်ဘူးလား.... (ချုပ်သွားပါတယ်ဘုရား)။

အဲဒီတော့ ဖောက်ပြန်ပျက်စီးတဲ့ ဒါကလေး သိလိုက်တဲ့ အတွက် ကိုဝ.... ဘယ်ဉာဏ်ရသတုံး.... (ကိစ္စဉာဏ် ရပါတယ် ဘုရား)။

ကြည့်....ဟိုပါဠိတော် သွားကြည့်လိုက်။ ပီဠနဋ္ဌော၊ သခ် တဋ္ဌော၊ သန္တာပဋ္ဌော၊ ဝိပရိဏာမဋ္ဌော ကိစ္စမှာ လာတယ်.... (မှန်ပါ) မလာဘူးလား.... (လာပါတယ် ဘုရား) ဝိပရိဏာမ ဖောက်ပြန်မသွားဘူးလား.... (ဖောက်ပြန်ပါတယ် ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဖောက်ပြန်သွားတာကို ဉာဏ်က မသိလိုက်ဘူးလား (သိလိုက်ပါတယ်ဘုရား)။

အင်း....ခုနက အရှင်ကလေး၊ အခု အသေဖြစ်ပြီ၊ မရှိဘူး။ (မှန်ပါ) ကိုဝ....ကျေနပ်ပြီ....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဒါ ဘာဉာဏ်နဲ့ ကြည့်လိုက်တာပါလိမ့် (ကိစ္စဉာဏ်နဲ့ ကြည့်လိုက်တာပါဘုရား)။

ဒါဖြင့် ကိစ္စဉာဏ်နဲ့ ခင်ဗျားတို့စိတ်တွေ လာတိုင်းလာတိုင်း မြင်စိတ်လာလာ.... ကြားစိတ်လာလာ.... ဝမ်းထဲ လောဘစိတ် လာလာ.... ဒေါသစိတ် လာလာ.... မောဟစိတ် လာလာ မောင်နိုင်က ကိစ္စဉာဏ်နဲ့ရှု (မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဩော်.... ဖောက်ပြန်တာက ဘာသစ္စာ.... (ဒုက္ခသစ္စာပါ ဘုရား) အဲ....ဖောက်ပြန်တာ သိတာက ဘာပါလိမ့်.... (ကိစ္စ ဉာဏ်ပါဘုရား) ကိစ္စဉာဏ်ဆိုတဲ့ မဂ္ဂသစ္စာ.... (မှန်ပါ) ပေါ်ကြ ပလား.... (ပေါ်ပါပြီဘုရား)။

ကိစ္စဉာဏ်ဆိုတဲ့.... (မဂ္ဂသစ္စာပါဘုရား) မဂ္ဂသစ္စာ ဆိုတော့ ဒကာ ဒကာမတွေ ပပဉ္စ သေ-မသေ (သေပါတယ်ဘုရား) ဒါ ဖြင့် ပပဉ္စ သေတာသည် ဒကာ ဒကာမတို့ ပပဉ္စဆိုတာက သူ့ နာမည်ရင်းက ပပဉ္စလို့ပြောတာဟာ ကိုဝ....ချုံလို့ ပြောတာ.... (မှန်ပါ)။

ဘာတွေချုံသတုံး မေးတဲ့အခါ တဏှာလာရင်လဲ ဥပါ ဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏချုံမှာပဲ....(မှန်ပါ) မာနလာရင်လဲ မာန ကာမုပါဒါန်နဲ့ တစ်ခါတည်း ကံနဲ့ မလာပေဘူးလား

http://www.dhammadownload.com



(လာပါတယ်ဘုရား) ဇာတိ၊ ဇရာ၊ မရဏ ကျအောင် မချုပ်ပေဘူးလား....(ချုပ်ပါတယ်ဘုရား)။

ဒိဋ္ဌိကလဲ ဒိဋ္ဌိ ဒိဋ္ဌုပါဒါန် ဒိဋ္ဌိ အုပ်ချုပ်တဲ့ကံနဲ့ စပြီးသင်္ခါရ ကမ္မဘဝပစ္စယာ ဇာတိ ဇရာ မရဏ မချုပ်ပေဘူးလား.... (ချုပ်ပါတယ်ဘုရား)။

အင်း....ဒါဟာ သူတို့ ပယဉ္စာဟာ ပဋိစ္စသမုပ္ပါဒ် သုံးမျိုး မထွက်ဘူးလား....(ထွက်ပါတယ်ဘုရား)။

အဲဒီ ပဋိစ္စသမုပ္ပါဒ် သုံးမျိုးကို မဂ္ဂသစ္စာက မောင်နိုင်.... ဖြတ် မဖြတ် ...(ဖြတ်ပါတယ်ဘုရား)။

ဒါဖြင့် ငါသည် တဏှာဖြတ်တဲ့ ဝါဒဆိုတာ မမှန်သေးဘူးလား....(မှန်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ဒီလိုဖြတ်တဲ့ဝါဒကို ခင်ဗျားတို့က လိုက်မယ်ဆိုတော့ ပပဉ္စ သေ-မသေ (သေပါတယ်ဘုရား)။

ဒါဖြင့် ပပဉ္စ သေတယ် ဆိုတာသည် ပဋိစ္စသမုပ္ပါဒ် ပြတ်တာ....(မှန်ပါ့)။

ဒကာ ဒကာမတို့ ပပဉ္စ သေတာသည် ဘာခေါ်မယ်.... (ပဋိစ္စသမုပ္ပါဒ် ပြတ်တာပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် ပြတ်တာပဲဆိုတော့ ဘယ်သူ့ ပဋိစ္စသမုပ္ပါဒ် ပြတ်တာပါလိမ့်.... (ကိုယ့်ပဋိစ္စသမုပ္ပါဒ် ပြတ်တာပါဘုရား)

ကိစ္စညာဏ်ရတဲ့ပုဂ္ဂိုလ်၏ ပဋိစ္စသမုပ္ပါဒ် ပြတ်တယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဘယ်ပုဂ္ဂိုလ်မှာ ပြတ်ပါလိမ့်.... (ကိစ္စဉာဏ်ရတဲ့ ပုဂ္ဂိုလ်မှာ ပြတ်ပါတယ်ဘုရား)။

ခုနက ဖြစ်ပျက်ကို ဝိပရိဏာမကိစ္စကို သိလိုက်တာကိုး.... (မှန်ပါ့)။

ဩော်....ကိုယ့်ခန္ဓာထဲ ဘယ်စိတ်တွေဖြစ်ဖြစ် ဖောက်ပြန်တဲ့ ကိစ္စပဲရှိသကိုးဆိုတာ ဉာဏ်ကလေးနဲ့ မသိဘူးလား....(သိပါတယ်ဘုရား) အဲဒီတော့ ဒီဉာဏ် ဘာဉာဏ်ခေါ်ကြမယ်.... (ကိစ္စဉာဏ်ပါဘုရား)။

အဲဒီ ကိစ္စဉာဏ်နဲ့ ဒကာ ဒကာမာတွေက ဘယ်စိတ်ပေါ် လာလာ ဖောက်ပြန်ပျက်စီးပြန်ပြီ၊ ဘယ်စိတ် ပေါ်လာလာ ဖောက်ပြန်ပျက်စီးပြန်ပြီလို့ သိတဲ့ဉာဏ်က ဘာဉာဏ်တုံး.... (ကိစ္စဉာဏ်ပါဘုရား)။

ရှေ့က ဖောက်ပြန်ပျက်စီးတာက ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က (မဂ္ဂသစ္စာပါဘုရား) မဂ္ဂသစ္စာ ကိစ္စဉာဏ်၊ သဘောပါပလား.... (ပါပါပြီ)။

အဲဒီလိုချည့် ဒကာဒကာမတွေက ရှုလိုက်တဲ့ အခါကျလို့ ရှိရင်ဖြင့် ပပဉ္စတွေ မချုပ်ဘူးလား.... (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ပပဉ္စဆိုတာ ဘာပါလိမ့်မတုံး မေးတဲ့အခါကျ တော့ သံသရာကို အိုဘေး၊ နာဘေး၊ သေဘေးတွေ ပွား အောင် အပါယ်ဘေးတွေ မရောက် ရောက်အောင် ဖို့တဲ့ တရားလို့ ဆိုလို့ရှိရင် လွဲပါ့မလား....(မလွဲပါဘုရား) ဒါဖြင့် ပပဉ္စချုပ်....မချုပ်....(ချုပ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဘုရားကဟောပြန်တယ် ကိုဝ....သေသေချာချာ မှတ်စမ်း....(မှန်ပါ့)ငါဘုရားသည်ကားလို့ဆိုလိုရှိရင်ဖြင့်"ပပဉ္စ နိရောဓောနိဗ္ဗာနံ" လို့ငါဟောတယ်ကွာတဲ့....(မှန်ပါ့)။

မောင်နိုင်... ဘာတဲ့.... (ပပဉ္စနိရောဓော နိဗ္ဗာနံပါဘုရား) နောက်က ဒကာ ဒကာမတွေ ဘာတဲ့....(ပပဉ္စနိရောဓောနိဗ္ဗာနံ ပါဘုရား)။

ငါဟာ နိပ္ပပဉ္စကွ....တဲ့၊ နိပ္ပပဉ္စဆိုတာ ငါဟာတဲ့ ဒီသုံးခု ချုပ်သွားလို့ရှိရင် အဲဒီ ချုပ်တဲ့နေရာ နိဗ္ဗာန်လို့ ငါဟောတယ် (မှန်ပါ့)။

ဒကာ ဒကာမတို့ ခုနက ပပဉ္စ မလာတော့ နိပ္ပပဉ္စဖြစ်တာ ပေါ့....(မှန်ပါ့) နိပ္ပပဉ္စဆိုတဲ့ဥစ္စာ ငါ စာလိုသုံးတာပါကွာတဲ့ နိဗ္ဗာန်ကို ဆိုတာပါ....(မှန်ပါ့)။

ကိုပေါ....ဘာတဲ့.... (နိဗ္ဗာန်ကိုဆိုတာပါ) နိပ္ပပဉ္စဆိုတော့ ပပဉ္စ ရှိနေရင် ပပဉ္စ....(မှန်ပါ့) ပပဉ္စ မရှိဘူးလို့ရှိရင် နိပ္ပပဉ္စ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

နိပ္ပပဉ္စဆိုတာ ဘာပါလိမ့်....(နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ပဲတဲ့၊ ပပဉ္စ မရှိတာကို ဆိုတယ်... (မှန်ပါ့)။

ပပဉ္စ မရှိတာကို ဒကာ ဒကာမတွေက ဘာခေါ်ကြမယ်.... (နိဗ္ဗာန်လို့ ခေါ်ပါတယ် ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ကို ဒကာ ဒကာမတွေသည် ဆုတောင်းလို့ ရတာလား-ကိစ္စဉာဏ်ကြောင့် ရတာလား (ကိစ္စဉာဏ်ကြောင့် ရတာပါဘုရား) ကဲ....ပပဉ္စချုပ်တာ ဒကာ ဒကာမတွေ ပေါ်

http://www.dhammadownload.com



ကြပလား....(ပေါ်ပါပြီဘုရား) ဘယ်သူ့ကြောင့် ရပါလိမ့် (ကိစ္စဉာဏ်ကြောင့် ရတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ စိတ်တွေလာတိုင်း-လာတိုင်း ဘယ်စိတ် လာလာ ခင်ဗျားတို့ စိတ္တာနုပဿနာ ရှုပေးလိုက်တာပေါ့.... (မှန်ပါ့)။

ရှုတော့ အရှုခံရတာ ဒုက္ခသစ္စာ မောင်နိုင်.... (မှန်ပါ့) ရှုတဲ့ဉာဏ်က ကိစ္စဉာဏ် မဂ္ဂသစ္စာ-(မှန်ပါ့)မဖြစ်သေးဘူးလား- (ဖြစ်ပါပြီ) သေတာက နိပ္ပပဉ္စ၊ ပပဉ္စမလာတော့ဘူး(မှန်ပါ့)။

ဒါဖြင့် ပပဉ္စနိရောဓော နိဗ္ဗာနံ-လို့ ဆိုချင်လဲဆို၊နိပ္ပပဉ္စော နိဗ္ဗာနံလို့လဲ ဆိုချင်လဲဆိုပါတဲ့၊ သဘောကျပလား....(ကျပါပြီ ဘုရား)။

နိပ္ပပဉ္စဆိုတဲ့ ပပဉ္စ မလာသောကြောင့်လဲ ဘာခေါ်ကြမလဲ (နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် ကိုပေါ်တို့ ကိုဝတို့ စဉ်းစား....တဲ့၊ နိဗ္ဗာန်သည် ကားလို့ဆိုရင် ဒကာဒကာမတို့ ဩော်....အလုပ် လုပ်တဲ့ ပုဂ္ဂိုလ်၏ ပစ္စည်းတစ်ခုပါကလား....(မှန်ပါ့)။

ဘယ်လိုဆိုကြမယ်(အလုပ်လုပ်တဲ့ပုဂ္ဂိုလ်၏ ပစ္စည်းတစ်ခုပါ ဘုရား)။

အလုပ်လုပ်တဲ့ပုဂ္ဂိုလ်၏ ပစ္စည်းတစ်ခု၊ ပါးစပ်နဲ့ လိုချင် တဲ့ ပုဂ္ဂိုလ်၏ ပစ္စည်းတစ်ခုမဟုတ်ဘူး၊(မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

http://www.dhammadownload.com



ဘယ်သူမှ ပေးလို့ရတဲ့ ပစ္စည်းတစ်ခုလဲ (မဟုတ်ပါဘုရား) သူများပေးလို့ရတဲ့ ပစ္စည်းလဲမဟုတ်ဘူး – (မဟုတ်ပါဘုရား) သဘောပါပလား....(ပါပါပြီဘုရား)။

ကိုင်း... ဒါဖြင့်တရားနာလို့ရတဲ့ပစ္စည်းကော....(မဟုတ်ပါဘုရား)အလုပ်လုပ်လို့ရတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါတယ်ဘုရား)။

ဘုရားပေးလို့ရတဲ့ ပစ္စည်းကော.... (မဟုတ်ပါဘုရား) မဟုတ်ပါဘူးတဲ့၊ ဘုရားက နည်းပေးတာပဲရှိတယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အမျှပေးလို့ရတဲ့ ပစ္စည်းကော .... (မဟုတ်ပါဘုရား)။

ခင်ဗျားတို့....အမျှဗျို.... အမျှဆိုတော့ တစ်ဝက်ပေးတာတွေ ဒါန၊ သီလတွေကျတော့ ရပါတယ်....(မှန်ပါ့)။

ဒကာကြီးလှိုင်....ရတယ်နော်–(ရပါတယ်) ဒီဟာကျတော့ ဘယ့်နှယ်တုံး.... (မရပါ) ပပဉ္စ ချုပ်အောင်ဆိုတော့ ကိုယ့်ကိစ္စဉာဏ်နဲ့ ကိုယ်လုပ်ရလိမ့်မယ် ... (မှန်ပါ့)

ဒကာ ဒကာမတို့ ဘယ်လိုလုပ်ရမှာတုံး - (ကိုယ့်ကိစ္စဉာဏ်နဲ့ ကိုယ်လုပ်ရပါမယ်)... ကိုယ့်ကိစ္စဉာဏ်နဲ့ ကိုယ်လုပ်တော့ ခုနက ပပဉ္စတွေ ဘယ့်နှယ်နေသတုံး.... (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ပပဉ္စနိရောဓောကို ဘယ့်နှယ်ဆိုမတဲ့....(နိဗ္ဗာန်ပါ) နိပ္ပပဉ္စောတိ နိဗ္ဗာန်....(မှန်ပါ့)။

http://www.dhammadownload.com



ဒါဖြင့် နိဗ္ဗာန်ဟာ....အင်း.... ဘာပါလိမ့်မတုံး မေးတဲ့ အခါ ပပဉ္စ.... မလာတာ နိဗ္ဗာန်ပဲ.... (မှန်ပါ့) ဒကာကြီးလိုင် ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် အနီးလား.... အဝေးလားတဲ့၊ ရှုတဲ့နောက်မှာ သူ ချုပ်တာပဲ.... (မှန်ပါ့) ရှုတဲ့ ကိစ္စဉာဏ်လဲ လာရော သူလဲ မချုပ်ဘူးလား.... (ချုပ်ပါတယ်ဘုရား)။

နောက်ကျတော့ ခင်ဗျားတို့ ရှုတဲ့ ဝိပရိဏာမ ကိစ္စတွေကို ရှုလို့မရတော့ဘူး။ ဝိပရိဏာမ ကိစ္စတွေကို မောင်နိုင် မမြင် တော့ဘူးဆိုရင် ကတဉာဏ် သွားဖြစ်တယ်.... (မှန်ပါ့)။

ဝိပရိဏာမ ကိစ္စတွေကို မမြင်တော့ဘူးတဲ့ ဒကာတို့.... ရှေ့မှာ ဖြစ်ပျက် ဖြစ်ပျက်ဆိုတာတွေ မမြင်တော့ဘူး၊ ဘယ်စိတ် မှလဲ မလာတော့ဘူး၊ ဖြစ်ပျက်တွေလဲ မတွေ့တော့ဘူးဆိုတော့ ဒါသည် နိဗ္ဗာန်ပေါ်မလာဘူးလား.... (ပေါ်လာပါတယ် ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ပေါ်လာတဲ့ အခါကျတော့ နိဗ္ဗာန်မြင်တဲ့ ဉာဏ် ဘာဉာဏ်ခေါ်ကြမယ်.... (ကတဉာဏ်ပါဘုရား) ရှင်းကြ ပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးအပေါင်း သိတဲ့ဉာဏ်က.... (သစ္စဉာဏ် ပါဘုရား)။

ဖြစ်ပျက်ကလေးတွေ သိတဲ့ဉာဏ်က.... (ကိစ္စဉာဏ်ပါ) ကိစ္စဉာဏ်....။

ဖြစ်ပျက်တွေ ဆုံးအောင်ပဲ ဒကာ ဒကာမတွေ လိုက်ပြီး ရှုလိုက်တဲ့အခါကျတော့ ဟို.... ပပဉ္စကလဲ ချုပ်၊ ရှေ့ကလဲ ဒုက္ခ

http://www.dhammadownload.com



မရှိတာ မသိရဘူးလား.... (သိရပါတယ်) ဒါကို ဘာဉာဏ် ခေါ်ကြမယ်.... (ကတဉာဏ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီသုံးဉာဏ်နဲ့ တက်လဲ ဝိပဿနာမှာ ရပါတယ်... (မှန်ပါ)။

ဘယ်သူ တက်သတုံးလို့ မေးတဲ့အခါကျတော့ ပဥ္စဝဂ္ဂီ ငါးဦးနဲ့ ဗြဟ္မာပေါင်း ရှစ်သောင်း လေးထောင် ဒီဉာဏ် သုံး ဉာဏ်နဲ့ တက်တယ်....(မှန်ပါ) မောင်နိုင်—ရိပ်မိပလား– (ရိပ် မိပါပြီဘုရား)။

ပဥ္စဝဂ္ဂီငါးဦးထဲ တစ်ပါးပဲ ဒီဥစ္စာ အရင်ဆုံးတက်တယ် နော်– (မှန်ပါ) ဗြဟ္မာက ရှစ်သောင်း လေးထောင် ဒီဉာဏ် သုံးခုနဲ့ တက်တယ်– (မှန်ပါ)သဘောပါကြပလား.... (ပါပါ ပြီ ဘုရား)။

ပထမ သစ္စဉာဏ်ကို သူသိလိုက်တယ်.... (မှန်ပါ) နောက် ကိစ္စဉာဏ်နဲ့ ပွားလိုက်တယ်။ ပွားတာမှ ကိုဝ၊ သိပ်ကြာတာ မဟုတ်ဘူးနော်.... တရားနာရင်း ပွားသွားတာ.... (မှန်ပါ)။

ဒကာ ဒကာမတို့ ဘယ်လို ပွားသတုံး.... (တရားနာရင်း ပွားတာပါဘုရား)။

ကဲ.... ယနေ့ ဒီတွင် တော်ကြအုံးစို့။

သာဓု....သာဓု....သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား၏

ဝိပဿနာ့တရားစဉ်နှင့် လုပ်ငန်းစဉ်

ပြန့်ပွားရေးအဖွဲ့မှ

ကမကထပြု ရိုက်နှိပ် ထုတ်ဝေသည်။

http://www.dhammadownload.com


စာမူခွင့်ပြုချက်အမှတ် (၅၈၉/၉၅)(၅)

**ထုတ်ဝေသူ** — ဦးအောင်ချို၊ (မြဲ–၀၈၃၁)၊ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ချုပ်၊ အမှတ်-၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ** — ဦးနန္ဒ၊ (၀၃၅၉၇)၊ သီရိနန္ဒာ ပုံနှိပ်တိုက်၊ အမှတ်-၂၁၅၊ ၃၂-လမ်း၊ ရန်ကုန်မြို့။